

Trade like a Rockstar

# DISCLAIMER (သတိပေးချက်)

❖ Rockstar Trader မှ သင်ခန်းစာများသည် မိမိ၏ နိုင်ငံခြားငွေကြေး ရောင်းဝယ်မှု အတွေ့အကြုံများကို စုပေါင်းပြီး ဗဟုသုတ ပေးရုံသာဖြစ်ပါသည်။

❖ ယင်းဗဟုသုတများသည် အတိတ်မှာ ဖြစ်ပေါ်ခဲ့သည့် Forex ဈေးကွက်တွေကို အခြေခံပြီး သင်ကြားပေးထားတာ ဖြစ်သည်။

❖ အတိတ်မှာ ဖြစ်ပေါ်ခဲ့လို့ အနာဂတ်တွင်လည်း ထိုနည်းအတိုင်း ဖြစ်ပေါ်မည်ဟု (၁၀၀ %) ပြော၍ မရပါ။

❖ Rockstar Trader သည် ငွေကြေးရောင်းဝယ်မှု အကြံပေးလုပ်ငန်း လုံးဝမဟုတ်ပါ။

❖ တရားဝင် ငွေကြေးအကြံပေးလိုင်စင်လည်း မရှိပါ။

❖ မိမိ၏ရင်းနှီးမြှုပ်နှံမှု ရှုံးခြင်း၊ မြတ်ခြင်းသည် မိမိတစ်ဦးတည်း နှင့်သာ သက်ဆိုင်သည်ဟု နားလည် ပါသည်။

# ဒီအမှာစာကိုမဖတ်ပါနဲ့

ပြောချင်တာတွေတော့ ရှိတယ်။ ဒါပေမယ့် ဖတ်လို့ကောင်းအောင် ဘယ်လိုစာစီရမလဲ စဉ်းစားနေတာနဲ့တင် ၁နာရီလောက် အချိန်ကုန်သွားပြီ။ ဆိုတော့ လိုရင်းတိုရှင်းပဲ ရေးလိုက်ပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် မေးနေကျမေးခွန်းတစ်ခု ရှိတယ်။

**"ဘာလို့ဒီကမ္ဘာပေါ်မှာ လူလာဖြစ်တာလဲ" What the purpose of being alive?**

လူ့ဘဝမှာ ရှင်သန်ရခြင်းရဲ့ရည်ရွယ်ချက်က ဘာလဲပေါ့။ ဒီမေးခွန်းက အခုချိန်မှာထမေးရင် သောက်ကြီးသောက်ကျယ်လို့ ထင်ရပေမယ့် ဘဝရဲ့အမှောင်မိုက်ဆုံးအချိန်တွေမှာ ကိုယ့်ကိုကိုယ် မေးခဲ့မယ်ဆိုရင်တော့ အလင်းလက်ဆုံး မီးရောင်တစ်ခုအနေနဲ့ ဖြစ်တည်ခဲ့ပါလိမ့်မည်။

"SUCCESS" အောင်မြင်မှုကို ဘယ်လိုအဓိပ္ပါယ်ဖွင့်ဆိုလဲ။ တစ်ချို့တွေက ငွေကြေးပမာဏ တစ်ခုနဲ့ သတ်မှတ်ကြတယ်။ တစ်ချို့တွေက ရာထူးဂုဏ်ပကာသနတွေနဲ့ သတ်မှတ်ကြတယ်။ တစ်ချို့တွေက ကျန်းမာရေးဂုဏ်ပုဒ်တစ်ခုနဲ့ သတ်မှတ်ကြတယ်။ ဘယ်ဟာမှန်တယ် ဘယ်ဟာမှားတယ်ရယ် မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ငွေကြေးပမာဏတစ်ခုကို ရည်မှန်းပြီး ကြိုးစားနေသူတစ်ဦးက တစ်ချိန်မှာ သူ့ရည်ရွယ်ချက် ပြည့်သွားရင် သူ့ကိုယ်သူ အောင်မြင်တယ်လို့ ခံစားရမှာပဲလေ။ ထိုနည်းလည်းကောင်းပဲ လက်ဝှေ့သမားတစ်ယောက် လက်ဝှေ့ပွဲမှာ အနိုင်ရတဲ့အခါလည်း သူ့အတွက်အောင်မြင်မှုပဲပေါ့။

အောင်မြင်မှုတွေ တစ်ခုပြီးတစ်ခု ရယူဆွတ်ခူးခြင်းက ဘဝကိုပြည့်စုံစေသလား။ ကိုယ့်ဘဝနဲ့ ရှင်သန်ရခြင်းကို အဓိပ္ပါယ်ရှိစေလား။ ဒါဆိုရင် ရှင်သန်ရခြင်းရဲ့ အဓိပ္ပါယ်ကဘာလဲ။ **What the Purpose of being alive?** ကိုယ့်ဘဝနဲ့ ရှင်သန်ရခြင်းရဲ့ ရည်ရွယ်ချက်ကို ကိုယ့်ကိုယ်တိုင် သိဖို့လိုပါတယ်။ ဘာကြောင့်လဲဆို…

**"Success without fulfillment is the ultimate failure" ~ *TONY ROBBINS***

**" ပြည့်စုံမှုမရှိသောအောင်မြင်မှုသည် ဘဝရဲ့အကြီးမားဆုံး ကျရှုံးမှုဖြစ်သည်။"**

ပြည့်စုံမှု – ကျွန်တော်ဒီစာအုပ်ကို ရေးရတဲ့ရည်ရွယ်ချက်တွေထဲက အကြီးမားဆုံးသော ရည်ရွယ်ချက်တစ်ခု။ နိုင်ငံခြားငွေကြေး ရောင်းဝယ်မှု (Forex Trading) မှာ ပုံမှန်ဝင်ငွေ ရအောင် လုပ်နိုင်ခဲ့တယ်။ ဒါအောင်မြင်မှုပဲ။ ဒါပေမယ့် ဘဝမှာ မပြည့်စုံသေးသလို ခံစားရတယ်။

ဆယ်ကျော်သက်တက္ကသိုလ် ကျောင်းသားဘဝတည်းက ငွေကြေးအခက်အခဲဖြစ်တဲ့ သူငယ်ချင်းတွေကို အိမ်ပေါ်မှာ ၂/၃ လ လောက် တင်ကျွေးထားတာ ကိုယ်ရတဲ့မုန့်ဖိုးနဲ့ မျှဝေပြီးစားကြတယ်။ နောက်ပိုင်း သူငယ်ချင်းတစ်ယောက်နဲ့ တစ်ပတ်ကို တစ်ယောက် $10 စုပြီး ငွေပမာဏ အလုံအလောက်ရတော့ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ သံဃာအပါးတစ်ထောင်ကို ဆွမ်းကပ်ခဲ့ကြတယ်။ ပြီးတော့ ဆေးရုံကြီးမှာ လူနာအယောက် (၁,၀၀၀) ကို ထမင်းကျွေးစသည်ဖြင့် ကာယကံအလုပ်တွေကို ပြန်သုံးသပ်ကြည့်တော့ ကျွန်တော့်ဘဝရှင်သန်ခြင်းရဲ့ရည်ရွယ်ချက်က **to give** ပေးဆပ်နေရခြင်း/ မျှဝေနေရခြင်းဟာ ဘဝကို ပြည့်စုံစေတယ်လို့ ခံစားရတယ်။

ကျွန်တော် မေးခွန်းလေးတစ်ခု မေးကြည့်မယ်နော်။ ဖုန်းပွတ်ရင်းနဲ့ ဟာသ Video လေးတစ်ခု ပေါ်လာတယ်။ ရယ်ရလို့၊ ကြိုက်လွန်းလို့ Facebook မှာ Share ဖူးလား။ စားသောက်ဆိုင်တစ်ဆိုင် အရမ်းကောင်းလို့ သူများကိုညွှန်ပြဖူးလား။ ရုပ်ရှင်ကားအရမ်းကောင်းလို့ ကိုယ်ချစ်ရတဲ့သူနဲ့နောက်တစ်ခေါက် ပြန်ကြည့်ဖို့ တိုက်တွန်းဖူးလား။ ဒီလောက်ဆို သဘောပေါက်လောက်ပါပြီ။ ကျွန်တော်တို့ လူသားအားလုံးဟာ ကိုယ့်အတွက်ကိုယ်ပဲ အလုပ်လုပ်နေရင်းက ဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းပါဘူး။ ပြည့်စုံခြင်း အစစ်အမှန်ကို မရပါဘူး။ တစ်ခြားသူအတွက် အလုပ်လုပ်ပေးခြင်းမှသာ ဘဝရဲ့ပြည့်စုံခြင်းအရသာ အစစ်အမှန်ကို ခံစားရမှာဖြစ်ပါတယ်။

## "The Secret to living is giving"

အဲ့တော့ ဒီစာအုပ် ဘာကြောင့်ရေးလဲဆို မိတ်ဆွေဟာသ video လေး Facebook ကနေ timeline မှာ share လိုက်သလိုမျိုး ပဲပေါ့။ ဆိုင်တစ်ဆိုင်က အစားအသောက် အရမ်းကောင်းလို့ သင်ချစ်ရတဲ့ သူတစ်ယောက်ကို ညွှန်ပြပေးလိုက်သလိုမျိုး ပဲပေါ့။ ကျွန်တော်လည်း **Forex Trading** ကို စိတ်ဝင်စားတဲ့သူတွေအတွက် မိမိတတ်သိသလောက် အသိပညာ/ အတတ်ပညာလေးတွေကို စာအုပ် တစ်အုပ်အနေနဲ့ မျှဝေပေးလိုက်ပါတယ်။ တစ်ချိန်ထဲမှာပဲ ကျွန်တော်လည်း သူတစ်ပါးအတွက် အလုပ်လုပ် ပေးခြင်းကနေ ဘဝနဲ့ ပြည့်စုံခြင်းဆိုတဲ့ အရသာကိုခံစားဖို့ ဒီစာအုပ်ကို ရေးလိုက်တာလည်းဖြစ်တယ်။

# မာတိကာ


အခန်း (၁) "Forex Trading လုပ်ငန်းကို စိတ်ဝင်စားတယ်ပေါ့"

အခန်း (၂) "ပိုက်ဆံ"

အခန်း (၃) "စိတ်ပိုင်းဆိုင်ရာ နဲ့ အတတ်ပညာ" (Mindset vs Skillset)

အခန်း (၄) Forex ရဲ့ အရေးပါမှု

အခန်း (၅) "အွန်လိုင်းမှ နိုင်ငံခြားငွေကြေးရောင်းဝယ်မှုပြုလုပ်ခြင်း"

အခန်း (၆) "လုပ်အားခနှုန်းထား နှင့် ရင်းနှီးမြှုပ်နှံမှုနှုန်းထား" (Rate of Return vs Return on Investment)

အခန်း (၇) "ဈေးကွက်ဦးတည်ရာလမ်းကြောင်း ၃ မျိုး" (3 Types of Market Trends)

အခန်း (၈) "ဖယောင်းတိုင်ချောင်းလေးများ" (Candlesticks)

အခန်း (၉) "ပံ့ပိုးမှုလိုင်း နှင့် ခုခံမှုလိုင်း" (Support & Resistance)

အခန်း (၁၀) "ရွေ့လျားနေသောပျမ်းမျှများ" (Moving Averages)

အခန်း (၁၁) "ကျွန်တော့်ရဲ့သီးခြား ဖိတ်ခေါ်မှု"

# အခန်း (၁)

# “Forex Trading လုပ်ငန်းကို စိတ်ဝင်စားတယ်ပေါ့”

ရှေးဦးစွာ ဒီစာအုပ်ကို “download” လုပ်ပြီးအခုဖတ်နေတဲ့ သင့်ကို ဂုဏ်ပြုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီစာအုပ်ကနေ ကိုယ့်ဘဝ အတွက် တစ်ခုခုရလိမ့်မယ်လို့ သင်မျှော်မှန်းထားလို့ပါ။ ပြီးတော့ငွေကြေးနဲ့ပတ်သက်လို့ကိုယ့်အနာဂတ်ကိုကိုယ်ကိုယ်တိုင်ပြောင်းလဲမှုရမယ်ဆိုပြီးယုံကြည်ထားတယ်။ ဒါမှမဟုတ်လည်း ဝင်ငွေလမ်းကြောင်းသစ်တစ်ခုရရှိဖို့ နည်းလမ်းသစ် တစ်ခု (သို့မဟုတ်) စီးပွားရေး တစ်ခုကို လေ့လာချင်တယ်၊ စတင်ချင်တယ် ဆိုလို့ဒီစာအုပ်ကို ဖတ်နေတယ်လို့ ကျွန်တော် သတ်မှတ်ထားပါတယ်။ သိပ်မကြာတဲ့အနာဂတ်မှာ ဒီ “Forex trading” စီးပွားရေးလုပ်ငန်းကဝင်ငွေကသင့်ရဲ့ လက်ရှိ (လစာ) ဝင်ငွေ ထက်ပိုများသွားပြီဆိုရင် ဒီစီးပွားရေး ကို အချိန်ပိုင်းလုပ်ရာကနေ (full time)business အနေနဲ့လည်း စတင်နိုင်ပါတယ်.... စသည်ဖြင့်ရွေးချယ်စရာတွေရှိလာပါတယ်။

ဘဝမှာပိုက်ဆံရှာနိုင်တဲ့အရာ (၂) ခုပဲရှိပါတယ်။ အဲဒါတွေက “အချိန်” နဲ့ “ပိုက်ဆံ” ပဲဖြစ်ပါတယ်။ စဉ်းစားကြည့်ပါ။ ဝန်ထမ်းတစ်ယောက်အနေနဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တယ်။ ဒါဟာကိုယ့်အချိန် နဲ့ ပိုက်ဆံရှာတာပေါ့။ စီးပွားရေးလုပ်တဲ့ သူတွေကျတော့ ပိုက်ဆံ နဲ့ ပိုက်ဆံရှာကြတယ်။ အားလုံးကြားဖူးကြမယ့် စကားလေးတောင်ရှိသေးတယ်။ “Time is money” “အချိန်သည် ငွေ၊ ငွေသည် အချိန်ပဲ” တဲ့။ .... သူတို့မှာမတူညီတာ တစ်ခုတော့ ရှိတယ်။ ငွေကကုန်သွားရင် ပြန်ရှာလို့ရပေမယ့် ကုန်သွားတဲ့ အချိန် ကတော့ ပြန်မရနိုင်ဘူး။ ဒါကြောင့် ကျွန်တော်အချိန်ကို ပိုပြီးတန်ဖိုးထားပါတယ်။ ကျွန်တော့်အချိန်မှ မဟုတ်ဘူး။ စာဖတ်နေသူရဲ့အချိန်လည်း ကျွန်တော်တန်ဖိုးထားပါတယ်။ ဒါကြောင့် ဒီစာအုပ်ထဲမှာ အဖိုးတန်တဲ့ ဗဟုသုတတွေ၊ information တွေကို တတ်နိုင်သမျှ အများဆုံးပါနိုင်အောင်ထည့်ပေးထားပါတယ်။



Forex Trading လုပ်ငန်းကို စိတ်ဝင်စားတယ်ပေါ့။..... သင်ဘာကြောင့် စိတ်ဝင်စားလဲ ကျွန်တော် မသိပါဘူး။


၂၀၁၄ ခုနှစ် အစမှာ ကျွန်တော် စတင်လေ့လာခဲ့တုန်းကတော့ ကျွန်တော်ပိုက်ဆံရှာချင်လို့ပဲ။ ဘယ်သွားသွား ဘာလုပ်လုပ် ပိုက်ဆံကိစ္စကို ခေါင်းထဲကိုအရမ်းကြီး မထည့်ပဲသွားချင်တယ်၊ လာချင်တယ်၊

နေချင်တယ်၊ ထိုင်ချင်တယ်၊ စားချင်တယ်၊ သောက်ချင်တယ်။ ကျွန်တော်စိတ်ထင် ပိုက်ဆံမလိုချင်တဲ့သူ မရှိဘူးလို့ ထင်တာပဲ။ နောက်တော့ နားလည်လာတာက လူတွေက ပိုက်ဆံကို လိုချင်တာ မဟုတ်ဘူး။ ပိုက်ဆံရှိရင် ပိုက်ဆံကပေးစွမ်းနိုင်မယ်ထင်တဲ့ ဘဝ (Lifestyle) ကိုလိုချင်တာပါ။

၂၀၁၃ မှာ ကျွန်တော်ဘွဲ့ရရမှာပါ။ စာမေးပွဲကျတော့ ၂၀၁၄ ထဲကို ရောက်သွားရော။ အိမ်က ပိုက်ဆံမပို့တော့ဘူးတဲ့။ ကိုယ့်ဟာကိုယ်ဘွဲ့ရအောင် ယူလာတဲ့။ အဲတုန်းကတော့တွေးတာပေ့ါ "ငါချမ်းသာအောင် လုပ်မယ်၊ သူဌေးကြီးဖြစ်အောင် လုပ်မယ်" ဆိုပြီးတော့ (နောက်တော့ အမေကပဲ ဘွဲ့ရတဲ့အထိ ပညာရေးဆုံးအောင် ကျောင်းထားပေးခဲ့ပါတယ်။) လူငယ်ကလည်း လူငယ်၊ ငွေကလည်းမက်၊ လောဘလေးကလည်း ရှိတဲ့အချိန် internet မှာ ဟိုလျှောက်ရှာ၊ ဒီလျှောက်ရှာ လုပ်ရင်းနဲ့ "Binary Option" ဆိုတဲ့ ဟာတစ်ခုကို သွားတွေ့ခဲ့ပါတယ်။ အဲ့ဒီမှာ Account ဖွင့်၊ ဖွင့်ပြီးတော့ သူတို့က ပိုက်ဆံထည့်ခိုင်းတယ်၊ တစ်ပတ်ကို $ ၂၀၀ ကနေ $ ၅၀၀ လောက်ထိ မြတ်အောင် သူတို့ Guide လုပ်ပေးမယ်၊ အကြံပေးမယ် လို့လည်း ပြောတယ်။ ပိုက်ဆံလိုချင်နေတဲ့ လောဘကလည်း ခပ်ကြီးကြီး နဲ့ ချလိုက်တာ $ ၁,၀၀၀ ကနေ $ ၁,၅၀၀ လောက်ထိ ကုန်သွားခဲ့တယ်။ အဲ့ဒီတုန်းက ကျွန်တော်က ကျောင်းသား၊ ကျောင်းသားတစ်ယောက် အနေနဲ့ $ ၁,၅၀၀ ဆိုတာ အရမ်းကို များတာပေ့ါ ။ ဒီအတွေ့အကြုံက ကျွန်တော်ကို ဘာသင်ခန်းစာပေးခဲ့လဲ ဆိုတော့.....

**"Knowledge without action is useless. Action without knowledge is dangerous."**

**"ဗဟုသုတတွေ ရှိပြီးအလုပ်မလုပ်ရင် အလကားပဲ။ ဘာမှမသိဘဲ လျှောက်လုပ်ရင်ကျတော့ အန္တရာယ်များပါတယ်။"**




ကျွန်တော်က ဒုတိယလူမျိုးမှာ ပါနေခဲ့တာပေ့ါ။ Forex ဆိုတာလဲ မသိဘူး၊ Trading ဆိုတာလည်း မသိဘူး၊ Broker ဆိုတာလည်း မသိဘူး၊ အဲ့ဒီတုန်းကမှ ကြားဖူးတာ။ ဘာမှမသိပဲ လျှောက်လုပ်တော့ အဲ့ဒီမှာ စုထားတဲ့ ပိုက်ဆံလေးတွေ ပါသွားရော .....

အဲဒီနောက်ပိုင်းမှာ ဒါကြီးဟာ အလကားလူလိမ်တွေရဲ့ ဈေးကွက်ကြီးလို့ပဲထင်ခဲ့တယ်။ ဒါပေမယ့် မသိစိတ်ကလည်း ရှုံးခဲ့တဲ့ ပိုက်ဆံတွေအတွက် သိပ်မကျေနပ်ဘူး။ ဒါနဲ့ပဲ ဒီလုပ်ငန်းနဲ့ အပြင်မှာ အောင်မြင်နေတဲ့သူတွေ တကယ်ရှိသလား ဆိုပြီး **online** ကနေ **research** တွေလုပ်ခဲ့တယ်။ အဲ့ဒီမှာ Forex trading နဲ့ ပတ်သက်လို့ပထမဆုံးဖတ်ဖြစ်ခဲ့တဲ့စာအုပ်က – ***Jared Martinez*** ရဲ့ **"10 Essentials of forex**

**trading"** ဆိုတဲ့စာအုပ်။ အဲဒီစာအုပ်ဖတ်ပြီးမှ the reality of Forex trading – နိုင်ငံခြားငွေကြေး ကုန်သွယ်မှုလုပ်ငန်းရဲ့ အမှန်တရားတွေ တဖြည်းဖြည်းသိလာခဲ့တယ်။

1. မှတ်ချက်။ ။ *Jared Martinez* ရဲ့ *"10 Essentials of forex trading" eBook* ဟာ အင်တာနက်မှာ အခမဲ့ *download* လုပ်လို့ရပါတယ်။
2. မှတ်ချက်။ ။ *Rockstar Trader Facebook page* မှာ *"the reality of forex trading"* ခေါင်းစဉ်နဲ့ ဗီဒီယို https://www.facebook.com/rockstartradermm/videos/302671644774631 ကို ကြည့်မယ် ဆိုရင်တော့ ကျွန်တော် ၂ လလောက် လေ့လာခဲ့ရတဲ့ သင်ခန်းစာတွေကို ၂၂ မိနစ် ထဲနဲ့ လေ့လာခွင့်ရမှာဖြစ်ပါတယ်...

အဲ့ဒီနောက်မှာတော့ ကျွန်တော် ရသမျှစာအုပ်တွေဖတ်ခဲ့တယ်။ Online ကနေရှိသမျှ သင်ခန်းစာတွေ အကုန် လေ့လာခဲ့တယ်။ တစ်ကယ့်လက်တွေ့ ဒီလုပ်ငန်းမှာအောင်မြင်နေတဲ့ သူတွေရဲ့ အတ္ထုပတ္တိတွေ လက်လှမ်းမှီ သလောက် လေ့လာခဲ့တယ်။ သူတို့ရဲ့သင်တန်းတွေ လည်းတက်ခဲ့တယ်။ တစ်နည်းအားဖြင့် ကျွန်တော် ကိုယ့်ဦးနှောက်မှာ ကိုယ်ရင်းနှီးမြှုပ်နှံခဲ့တယ်။ ဒီလိုနဲ့ ၂၀၁၆ အကုန်ပိုင်းမှာတော့ တဖြည်းဖြည်းနဲ့ ပုံမှန်အမြတ်ငွေရအောင် ဖော်ဆောင်လာနိုင်ခဲ့တယ်။ အချိန်၂ နှစ်လောက်ကြာခဲ့တာပေါ့။ ဒီစာအုပ် ရေးရတဲ့ အကြောင်းအရင်းက အခုမြန်မာနိုင်ငံမှာ အွန်လိုင်းကနေ "ရွှေ" အရောင်းအဝယ် လုပ်တဲ့သူတွေ များလာတာနဲ့အတူ (Forex) နိုင်ငံခြားငွေကြေး အရောင်းအဝယ်ကိုပါလုပ်လာကြတာတွေ့ရပါတယ်။ ဒီလုပ်ငန်းဟာ နားမလည်ပဲလုပ်ရင် အန္တရာယ်များပြီး၊ နားလည်ကျွမ်းကျင်တယ်ဆိုရင်တော့ အမြတ်အစွန်းကောင်းတယ်။ ဒါကြောင့်လုပ်ငန်း မလုပ်ကိုင်မှီသိသင့်တဲ့ အကြောင်းအရာ အချက်အလက်တွေ မျှဝေမယ်ဆိုပြီး စာအုပ်ရေးဖြစ်သွားပါတယ်။ နောက်တစ်ချက် ကတော့ ကျွန်တော်ဒီလုပ်ငန်းကို လေ့လာပြီး စလုပ်ခဲ့တုန်းက "အမှား" တွေကို မျှဝေချင်လို့ အဲ့ဒီအမှားတွေကို ဒီစာအုပ်ဖတ်ပြီးလို့ သိသွားမယ်၊ နားလည်သွားမယ်ဆိုရင် နောက်တစ်ခါ ဒီအမှားမျိုးထပ်မလုပ်မိတော့ဘူးပေါ့။

ဘဝမှာ ကိုယ့်အမှားကနေ ကိုယ်လေ့လာသင်ယူလို့ရတယ်။ ဒါမှမဟုတ်တခြားသူတွေရဲ့ အမှားတွေ ကနေ ပြီးတော့ လေ့လာသင်ယူလို့ရပါတယ်။ ဒုတိယတစ်မျိုးကတော့ (စာဖတ်ခြင်း) ကနေရပါတယ်။ စာဖတ်ရင်းနဲ့ သူတို့ရဲ့ အမှားတွေ၊ အတွေ့အကြုံတွေကနေပြီး လေ့လာမှတ်သားလိုက်တော့ အဲ့ဒီအမှား တွေနောက်တစ်ခါ ထပ်ပြီးမလုပ်မိတော့ဘူးပေါ့။ ဒါဟာ ကိုယ့်ရဲ့သင်ယူမှုအချိန်ကို အများကြီး လျှော့ချနိုင်တယ်လို့ ကျွန်တော်ယုံကြည်တယ်။ အဲ့တော့စကားရှည်မနေတော့ဘဲ 'Forex Trading' ရဲ့ အမှန်တရား (၅) ခုကို ဖော်ပြလိုက်ပါတယ်။

### ➢ အမှန်တရား (၁) – (Forex Trading) နိုင်ငံခြားငွေကြေး ရောင်းဝယ်မှု လုပ်ငန်းသည် "စီးပွားရေးလုပ်ငန်း" တစ်ခုဖြစ်ပါတယ်။

စီးပွားရေးကို စီးပွားရေးနဲ့တူအောင်လုပ်ရပါမယ်။ လုပ်ငန်းတစ်ခုစတင်ပြီဆိုရင် ဝင်ငွေ ၊ ထွက်ငွေ (အသုံးစရိတ်)၊ အမြတ်၊ အရှုံးဆိုပြီးရှိသလိုပဲ 'Forex Trading' မှာလည်း Revenue, Expense, Profit & Loss ဆိုပြီးရှိပါတယ်။

- **အမှန်တရား (၂) – (Forex Trading) နိုင်ငံခြားငွေကြေးရောင်းဝယ်မှုသည် အတတ်ပညာတစ်ရပ် ဖြစ်ပါတယ်။**

ပညာရပ်တစ်ခုတတ်မြောက်ဖို့ အချိန်ပေးရပါတယ်။ ဆရာဝန်တစ်ယောက်ဖြစ်ဖို့၊ အင်ဂျင်နီယာ တစ်ယောက်ဖြစ်ဖို့ စာရင်းအင်းပညာရှင်တစ်ယောက်ဖြစ်ဖို့ နှစ်နဲ့ချီပြီး အချိန်တွေရင်းပြီး သင်ယူရပါတယ်။ Forex Trading ဟာလည်း ထိုကဲ့သို့သော ပညာရပ်တွေထဲကတစ်ခုပါပဲ။ ဒါပေမယ့် လူတွေ အထင်မှား နေတာက 'Forex' business ကို စာအုပ်လေးဖတ် သင်တန်းလေးတက်ပြီး နောက်နေ့ သူဌေးဖြစ်မယ်လို့ ထင်နေကြတယ် နဲ့ထင်တယ်။ အဲ့ဒါဘာနဲ့တူလဲဆိုတော့ ရေကူးနည်း စာအုပ်ဖတ်ပြီး ရေကန်ထဲခုန်ချချင်တာနဲ့ သွားတူနေတယ်။ **Forex Trading is a skillset** ………. အချိန်ပေးရပါတယ်။

ဒီတော့မေးစရာရှိတာက – လူတိုင်း(၂)နှစ်ဝန်းကျင်လောက်လေ့လာမှဒီလုပ်ငန်းမှာ အောင်မြင်မှာလား။

အဖြေက – ဟုတ်ပါတယ်။ ကိုယ့်ဟာကိုယ် အစအဆုံးလေ့လာမယ်ဆိုရင်ပေါ့။

ဒီလိုမှမဟုတ်ဘူး အောင်မြင်ပြီးသား လူတွေဆီကလေ့လာမယ် သူတို့ရဲ့စာအုပ်တွေဖတ်မယ်၊ သူတို့ videos တွေကြည့်မယ်၊ သူတို့သင်တန်းတွေ တက်မယ်ဆိုရင်တော့ (၂) နှစ်တာခရီးကဟာ (၃) လ ကနေ (၆) လ လောက်နဲ့လည်း ရောက်အောင် သွားနိုင်မှာပေါ့။ ဘာကြောင့်လဲဆို သူတို့လုပ်ခဲ့တဲ့ အမှားတွေ ကိုယ်နောက်တစ်ခေါက် မလုပ်မိတဲ့ အတွက် သင်ယူမှု အချိန်အတိုင်းအတာဟာ အများကြီး တိုတောင်း သွားနိုင်တယ်လေ။

အတတ်ပညာရပ်တိုင်းသင်ယူလို့ရပါတယ်။ Trading ဟာလည်း အတတ်ပညာရပ် တစ်ခုပဲ ဖြစ်ပါတယ်။

***"ဗဟုသုတ ရှိခြင်းကစွမ်းအား မဟုတ်ပါဘူး, စွမ်းအားရှိဖို့ ဖော်ဆောင်ပေးသောအရာသာ ဖြစ်ပါတယ်။ ရှိတဲ့ဗဟုသုတ အတိုင်း ပုံမှန်လုပ်ဆောင်မှု ပြုခြင်းသာ အစစ်အမှန် စွမ်းအားဖြစ်ပါတယ်"***

***"Knowledge is not power. Knowledge is potential power. Only consistent action through knowledge is the real power."***

- **အမှန်တရား (၃) – ဒီလုပ်ငန်းဟာပိုက်ဆံရဖို့ ပိုက်ဆံကိုရင်းရတဲ့ စီးပွားရေးမျိုးဖြစ်တယ်။**

ကုမ္ပဏီဝန်ထမ်းတွေအနေနဲ့က သူတို့ရဲ့ အချိန်တွေ၊ အတတ်ပညာတွေကို ရင်းပြီး ငွေရှာကြတယ်။ အွန်လိုင်းကနေ ငွေကြေးကုန်သွယ်မှုပြုလုပ်သူတွေကတော့ ငွေကိုရင်းပြီးငွေရှာကြတယ်။

- **အမှန်တရား (၄) – ဒီလုပ်ငန်းမှာအောင်မြင်ဖို့ "စိတ်ရှည်" ဖို့လိုပါတယ်။**

ဒီလုပ်ငန်းကို အခုမှစလုပ်တဲ့သူတွေက Market ထဲမှာ အမြဲတမ်း trade ဝင်ဖို့ လိုက်ရှာနေတာများတယ်။ တချို့နေ့တွေမှာ ကိုယ့်ရဲ့ "trading strategy" ဟာ trade signal မပြဘဲလည်း trade တစ်ခု (သို့) နှစ်ခုဝင်လိုက်ကြတာပဲ။ ဒါကို ဘာကြောင့်လုပ်ကြသလဲဆို "ဒီနေ့တစ်ရက်လုံး trade တစ်ခုမှ မဝင်ရသေးလို့တဲ့။" ဒီမှာကျွန်တော် ရှင်းပြမယ်။

- ကျွန်တော်တို့သည် ကိုယ့်ရဲ့ trading strategy ကနေသွေဖီလိုက်ပြီ ဆိုကတည်းက statistical edge ကို ဆုံးရှုံးလိုက်ပြီ ဖြစ်ပါတယ်။
- နေ့တစ်နေ့မှာ trade ဝင်ဖို့တစ်ခုမှ VALID မပြရင် အဲဒီနေ့ကို trade လုံးဝမလုပ်သင့်ပါဘူး။
- စိတ်ရှည်ဖို့လိုတယ်ဆိုတာ ဒါကိုပြောတာ။ တချို့တွေက စိတ်မရှည်ကြဘူး။ ဒါကို လောင်းကစားဆန်ဆန် သဘောထား ကြတယ်။ စီးပွားရေးကိုစီးပွားရေး နဲ့ တူအောင်မလုပ်ကြဘူး။ စိတ်မရှည်ဘဲ trading strategy ကနေသွေဖီပြီး လောင်းကစားဆန်ဆန် လုပ်ကြတယ်။ နောက်ပိုင်း ပိုက်ဆံတွေ ရှုံးတော့ "ဒါကြီးက မမြတ်နိုင်ဘူး၊ အလကားပါ" စသည်ဖြင့် ဆုံးရှုံးမှုတွေနဲ့ နောက်ဆုတ်သွားကြတယ်။
- ဒါကြောင့်စိတ်ရှည်ပါ။

### ➢ အမှန်တရား (၅) – ဒီလုပ်ငန်းဟာစိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သူတွေအတွက်ဂိမ်းကစားနည်းတစ်ခုပါ။

လူတော်တော်များများထင်ကြတာ "Forex Trading" ဟာအရမ်းလွယ်ကူမယ်ထင်ကြတယ်။ တစ်စိတ်တစ်ပိုင်း ကျွန်တော်လည်းလက်ခံပါတယ်။ ရုပ်ပိုင်းဆိုင်ရာတော့ အင်မတန်မှ လွယ်ကူတဲ့စီးပွားရေး လုပ်ငန်း တစ်ခုပဲ။ ဘာကြောင့်လဲဆို Laptop နဲ့ Internet ရှိရုံနဲ့ computer ရှေ့မှာ ထိုင်ပြီးလုပ်လို့ရတဲ့ အလုပ်မျိုးကိုး။ တစ်ဖက်မှာတော့ "Forex Trading" ဟာ စိတ်ပိုင်းဆိုင်ရာ တိုက်ပွဲတွေကို နေ့စဉ်ဆင်နွှဲရတဲ့ စီးပွားရေး လုပ်ငန်းတစ်ခုပါပဲ။ စစချင်းမှာခက်ခဲပေမယ့် နေ့စဉ်လေ့ကျင့်ပြီး သေချာကြိုးစားမယ်ဆိုရင်တော့ အချိန်အတိုင်းအတာတစ်ခုကို ရောက်တဲ့အချိန်မှာ ကိုယ်ဟာစိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သူ တစ်ယောက် ဖြစ်လာတာနဲ့ အမျှ ဂိမ်းကစားနည်းတစ်ခုကနေ ပုံမှန်ဝင်ငွေရရှိနေတယ်လို့လည်း ခံစားလာနိုင်ပါတယ်။

**အောင်မြင်တဲ့ online trader တစ်ယောက်ဖြစ်ဖို့ လိုအပ်ချက် (၃) ရပ်ရှိပါတယ်။**

- Strategy (နည်းဗျူဟာ)
- Risk Management (Trade တွေရဲ့ဆုံးရှုံးနိုင်တဲ့ ပမာဏတွေကို စီမံခန့်ခွဲမှု)
- Psychology (စိတ်ပိုင်းရာ လေ့ကျင့်ထားမှု)

**<u>Strategy (နည်းဗျူဟာ)</u>**

Forex trading လုပ်တော့မယ်ဆိုရင်တော့ ကိုယ်ဟာ Market ထဲကို ဘယ်အချိန်မှာဝင်မလဲ၊ Entry Strategy; ဘယ်အချိန်မှာထွက်မလဲ Exit Strategy တွေရှိဖို့လိုပါတယ်။ လူတော်တော်များများဟာ trading လုပ်နေကြပေမယ့် သူတို့မှာ strategy မရှိကြပါဘူး။ တချို့တွေက ဈေးတက်မယ် ထင်ရင် ဝယ်လိုက်/

ဈေးကျမယ်ထင်ရင် ရောင်းလိုက် လုပ်နေကြပါတယ်။ တချို့ကျတော့လည်း သူတပါး ဖြစ်နိုင်တယ် ပြောတဲ့ trades တွေကို ယုံစားပြီး position တွေဝင်ကြ၊ ဝယ်ကြ၊ ရောင်းကြ လုပ်ကြတယ်။ ဒါတွေကအားလုံးဟာ အောင်မြင်တဲ့ online trader တစ်ယောက်အဖြစ်ကို မရောက်စေပါဘူး။

အောင်မြင်တဲ့ forex trader တစ်ယောက်ဖြစ်ဖို့ ရှေးဦးစွာ ဘယ်အချိန်မှာဝင်မလဲ၊ ဘယ်အချိန်မှာ ထွက်မလဲ၊ စတဲ့ Strategy လိုအပ်ပါတယ်။ အဲ့ဒီ strategy သည်လည်း market ပေါ်မှာ သင်္ချာနဲ့ တိုင်းတာလို့ရတဲ့ အားသာချက် ရှိနေရပါမယ်။

**(မှတ်ချက်။ ။ သင်္ချာနဲ့တိုင်းတာလို့ရတဲ့ အားသာချက်ကို Statistical edge အနေနဲ့ ကျွန်တော့်ရဲ့ Rockstar Premium online Couse ရဲ့ Module 6 ထဲမှာ အသေးစိတ်ရှင်းပြထားပါတယ်။ တက်ရောက်ချင်တယ် ဆိုရင်တော့ www.rockstartrader.org မှာသွားရောက်ကြည့်ရှုလို့ရပါတယ်။ )**

## Risk Management (Trade တွေရဲ့ဆုံးရှုံးနိုင်တဲ့ပမာဏတွေကို စီမံခန့်ခွဲမှု)

Forex Trading ဟာ ပိုက်ဆံကို ရင်းပြီးပိုက်ဆံရှာတဲ့ စီးပွားရေးလို့ ရှေ့မှာပြောခဲ့ပါတယ်။ စဉ်းစားကြည့်ပါ။ စီးပွားရေး တစ်ခုလုပ်မယ်။ ရှုံးနိုင်ခြေရှိတယ် Risk ရှိတယ်ပေါ့။ ရှုံးရင် (၁) ကျပ်ရှုံးမယ်။ မြတ်ရင်တော့ ပြား (၃၀) လောက်ပဲ မြတ်နိုင်မယ်။ ဒီလိုဆိုရင် ကျွန်တော်တော့ အဲ့ဒီစီးပွားရေး မလုပ်မှာ အမှန်ပဲ။ ရိုးရိုးလေးပဲ စဉ်းစားကြည့်လေ။ ရှုံးရင်ပါမယ့် ပမဏာက မြတ်ရင်ရနိုင်တာ ထက်ပိုများနေတယ်။

စီးပွားရေးလုပ်ပြီဆို အောင်မြင်နိုင်ချေ ရှိသလို ကျရှုံးနိုင်တဲ့ Risk လည်းရှိတယ်။ ဒါဆိုလူတွေ ဘာကြောင့် စီးပွားရေး လုပ်ကြလဲ။ အောင်မြင်ရင်ရမယ့် အောင်မြင်မှုတွေ၊ ရလဒ်တွေ၊ ငွေကြေးတွေဟာ သူတို့ယူရမယ့် Risk ထက်ပိုရနိုင်လို့သာ Risk ယူကြတာပေါ့။ ဒါကို trading မှာ Risk to Rewards Ratio လို့ခေါ်တယ်။ Trade တစ်ခုကိုဝင်မယ် ကိုယ့်ရဲ့ Risk က (၁) ကျပ် ဆိုရင် ပြန်ရနိုင်မယ့် Reward သည် (၁) ကျပ် ထက်များမှသာ ဒီ Trade ထဲကို ဝင်ဖို့သင့်ပါမယ်။ Risk to Reward အတွက် နောက်ဥပမာ လွယ်လွယ်ကူကူလေး ကြည့်ရအောင်….။ စီးပွားရေးတစ်ခုရှိတယ်၊ သိန်း (၁၀၀) ထည့်ရမယ် အောင်မြင်တယ်ဆိုရင် ၆% လောက်မြတ်နိုင်ချေရှိတယ်။ မအောင်မြင်ဘူးဆိုရင်လည်း ကိုယ့်သိန်း (၁၀၀) ထဲက တချို့သောငွေတွေ ဆုံးရှုံးနိုင်ချေရှိတယ် ဒါဆိုစီးပွားရေးလုပ်သင့်လား။ ကျွန်တော့်အမြင်တော့ ဒီစီးပွားရေးသည် ဘာစီးပွားရေးလဲဆိုတာ မေးစရာတောင်မလိုဘူး။ စဉ်းစားကြည့်ပါ။ သိန်း (၁၀၀) ကို ဘဏ်ထဲထည့်ထားရင်တောင် ၁နှစ် ငွေသေ စာရင်း ၈% အမြတ်ပေးနေတဲ့အချိန်မှာ သူ့စီးပွားရေးက ၆% ပဲမြတ်နိုင်တယ်။ အခန့်မသင့်ရင် ဆုံးရှုံးနိုင်ချေရှိသေးတယ်တဲ့။

နောက်စီးပွားရေး လုပ်တော့မယ်ဆို ဘဏ်အတိုးထက် အနည်းဆုံး၃ဆထက်ပိုပြီး အမြတ်အစွန်း ရနိုင်ချေရှိမှ ဒီစီးပွားရေးက Risk to Reward ကောင်းတယ်။ ရင်းနှီးမြုပ်နှံသင့်တယ်လို့ တွေးလို့ရတာပေါ့။

**Psychology (စိတ်ပိုင်းဆိုင်ရာလေ့ကျင့်ထားမှု)**

- Forex Trading အောင်မြင်မှုရဲ့ ၁၀% သည် Strategy ကဖြစ်တယ်။
- Forex Trading အောင်မြင်မှုရဲ့ ၃၀% သည် Risk Management က လာတယ်။
- Forex Trading အောင်မြင်မှုရဲ့ ၆၀% သည် Psychology ကဖြစ်တယ်လို့ ဆိုကြတယ်။

ဒါကိုကျွန်တော် ၁၀၀% လက်ခံပါတယ်။ Forex Trading မှ မဟုတ်ဘူး၊ ဘဝမှာတန်ဖိုးရှိတဲ့အရာတွေ လက်ခံရယူပိုင်ဆိုင်နိုင်ဖို့ မိမိရဲ့စိတ်ဓာတ်ပိုင်းဆိုင်ရာကလည်း အဲ့ဒီအဆင့်မှာ လိုအပ်ပါတယ်။

ဘဝမှာ ရလဒ်တွေရဖို့ အလုပ်တွေ လုပ်ရပါတယ်။ အဲ့ဒီအလုပ်တွေကို ကြိုးကိုင်ထိန်းကျောင်းနေတာက စိတ်ခံစားမှု ဖြစ်တယ်။

**Emotions ⟶ Actions ⟶ Results**

လူတော်တော်များများက ကိုယ့်ရဲ့ Emotion (စိတ်ခံစားမှု) တွေကို ထိန်းချုပ်နိုင်စွမ်းမရှိဘူး။ ဒါကို ထိန်းချုပ်နိုင်တဲ့သူတွေဟာလည်း ဘဝမှာအောင်မြင်တဲ့ သူတွေဖြစ်လာကြတယ်။ Online Trading မှာတော့ ကိုယ့်ရဲ့စိတ်ခံစားမှုကို ထိန်းချုပ်နိုင်မယ်ဆိုရင်ဖြင့် ၆၀% ဟာအောင်မြင်ပြီးသား ဖြစ်သွားပြီဖြစ်ပါတယ်။

Online trading လို့ပြောလိုက်ရင် Trade လုပ်စရာတွေ အများကြီးရှိပါတယ်။ Commodities, Crypto currencies, Forex, Stocks, Futures, Options စသည်ဖြင့်ပေါ့။ ကျွန်တော် ဒီ trading ကို ဘာကြောင့် လုပ်ကိုင်ခဲ့သလဲ ဆိုရင် ငွေရှာချင်လို့ပါ။ အခုဒီစာအုပ်ကို ဖတ်နေတဲ့သူလည်း ကျွန်တော်နဲ့ ရည်မှန်းချက် တူမယ်လို့ ထင်ပါတယ်။ ဒါဆိုရင် နောက်တစ်ခန်းမှာ ငွေ/ ပိုက်ဆံ အကြောင်းလေ့လာကြရအောင်။

# အခန်း (၂)

# “ပိုက်ဆံ”

ကျွန်တော်တို့တွေဟာ ပိုက်ဆံအများကြီး ရှာချင်ကြတယ်။ သုံးချင်ကြတယ်။ ပိုပိုပြီး များလာအောင် လုပ်ချင်ကြတယ်။ ပိုက်ဆံကို ကျွန်တော်တို့အတွက် အလုပ်တွေကြိုးစားခိုင်းစေချင်တယ်။ ပိုက်ဆံတွေနဲ့ ဆော့ကစားချင်ကြတယ်။ ပိုက်ဆံတွေ အကြောင်းတွေးကြတယ်။ ပိုက်ဆံနဲ့ လိုချင်တာတွေဝယ်ချင်ကြတယ်။ ဒါပေမဲ့ ပိုက်ဆံတွေဆုံးရှုံးသွားမှာကို မလိုချင်ကြဘူး။



တခြားစကားလုံးနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့တွေ အကုန်လုံးက ပိုက်ဆံကို ကြိုက်ကြတယ်။ တစ်ချို့သူတွေ ပိုက်ဆံအပေါ်မှာထားတဲ့ အတွေးအခေါ် စိတ်နေစိတ်ထား (Attitude) မကောင်းကြဘူး။ ပိုက်ဆံရှာတဲ့အခါ သင့်ရဲ့ ပိုက်ဆံအပေါ်မှာ ထားတဲ့ မကောင်းတဲ့ Attitude က ကိုယ်ရောက်ချင်တဲ့ ပန်းတိုင်ကို ရောက်ဖို့ အချိန်နှောင့်နှေး စေနိုင်ပါတယ်။ ကျွန်တော် မေးခွန်းတစ်ခု မေးချင်ပါတယ်။ ပိုက်ဆံ အပေါ်မှာ ထားတဲ့ သင့်ရဲ့ “Attitude” ကဘာလဲ။ ကျွန်တော် ငွေကြေး နဲ့ သက်ဆိုင်တဲ့ စာအုပ်တွေကနေ လေ့လာထားတဲ့ တချို့သော လွဲမှားနေတဲ့ Attitude တွေ၊ ယုံတမ်းစကားတွေကို ပြောပြချင်ပါတယ်။ ဒါတွေကို **“Myths”** လို့လည်းခေါ်ပါတယ်…

**Myth # 1 – If I make a lot of money, I will turn into a bad person.**
**“အကယ်၍ ငါသာ ပိုက်ဆံတွေ အများကြီးရှာနိုင်ခဲ့ရင်၊ မကောင်းတဲ့လူတစ်ယောက်အဖြစ် ပြောင်းလဲသွားမယ်။”**

တစ်ကယ်တော့ ပိုက်ဆံက လူကို မပြောင်းလဲစေပါဘူး။ သူကပုံကြီးချဲ့ပြပေးတာပါ။ ကောင်းတဲ့သူ ဖြစ်ဖြစ် မကောင်းတဲ့သူဖြစ်ဖြစ် ပိုက်ဆံက ပုံကြီးချဲ့ ပြပေးပါတယ်။ သင်သာအမြဲမူးရူးနေတဲ့ အရက်သမား တစ်ယောက်၊ တစ်လမ်းဝင် တစ်လမ်းထွက် ပြဿနာ လိုက်ရှာနေတဲ့ သူဆိုပါစို့။ သင့်လက်ထဲမှာ ပိုက်ဆံ တွေသာ ရခဲ့မယ်ဆိုရင် သင်ဟာ အဲ့ဒီပိုက်ဆံတွေကြောင့် ပိုမိုကြီးမားတဲ့ လူရမ်းကားတစ်ယောက် ဖြစ်လာမှာပါ။ တစ်ချိန်တည်းမှာပဲ သင်ဟာသင့်ဆီမှာ ငွေနည်းနည်း ပဲရှိရင်တောင် အမြဲတမ်း လှူနေတဲ့သူ၊ မရှိဆင်းရဲသား တွေကို လှူတဲ့ အသင်းအဖွဲ့တွေကို ဆောင်ရွက်တဲ့သူတစ်ယောက်၊ သဘောထားကြီးတဲ့သူ

တစ်ယောက် ဆိုပါစို့။ သင့်လက်ထဲမှာသာ ပိုက်ဆံတွေပိုရှိလာခဲ့ရင် သင်ဟာပိုပြီးလှူမယ်၊ အသင်းအဖွဲ့ကိုပိုပြီး ကြီးထွားအောင် လုပ်ဆောင် မှာပါ။ သင့်ရဲ့ personality ကို လိုက်ပြီး ပိုက်ဆံကသင့်ကို ပုံကြီးချဲ့ပေးမှာပါ။

**Myth # 2 – "Money can't buy happiness"**
**"ငွေကပျော်ရွှင်မှုကိုမဝယ်နိုင်ဘူး"**

သူဆိုလိုတာက ငွေချမ်းသာခြင်းကပျော်ရွှင်မှုကို ဝယ်လို့မရဘူးပေါ့။ လက်ခံပါတယ်။ တဖက်မှာလည်း ဆင်းရဲတဲ့သူတွေလည်း ပျော်ရွှင်မှုကို ဝယ်လို့မရပါဘူး။ အဲတော့ မပျော်ရွှင်ရမယ့်တူတူ ဆိုရင်တော့ မွဲပြီး မပျော်ပဲနေမလား။ ပိုက်ဆံရှိပြီး မပျော်ပဲနေမလား။

**Myth # 3 – "Rich people worship money"**
**"ချမ်းသာတဲ့သူတွေက ငွေကိုကိုးကွယ်ကြတယ်"**

လူတွေဟာ သူတို့မပျော်တဲ့ မကြိုက်တဲ့အလုပ်တွေမှာ နှစ်တွေအကြာကြီး အလုပ်လုပ်ကြတာ သင်မြင်ဖူးမှာပေါ့။ သူတို့က သောကြာနေ့ရောက်ဖို့ အမြဲစောင့်နေကြ**တယ်** တနင်္ဂနွေညတွေမှာ ဆို ညည်းညူနေလေ့ ရှိကြတယ်။ ပိုက်ဆံတွေကို ရှိလာဖို့ ဆုတောင်းနေတဲ့သူတွေ ငွေ နဲ့ ပတ်သက်လို့ အမြဲတမ်း စိတ်ပူနေတဲ့သူတွေ၊ အချိန်ပိုတွေ အမြဲဆင်းနေတဲ့သူတွေ မိသားစု အတွက် အချိန်မပေးနိုင်တဲ့သူတွေ ငွေရဖို့အတွက်ဆို သူတို့ရဲ့ ကျန်းမာရေး ကိုတောင် မငဲ့ကွက်တဲ့သူတွေ၊ သူတို့ဟာ ပိုက်ဆံအတွက် ဘာမဆို ပေးဆပ်ကြတယ်။ ပိုက်ဆံကို ကိုးကွယ်တဲ့သူတွေပေါ့။ ဒီလိုလူမျိုးတွေကို သင်မြင်ဖူးလား။ သူတို့က ချမ်းသာ တဲ့သူတွေလား။ သေချာစဉ်းစားကြည့်ပါ။

**Myth # 4 – "Money is the root of all evil"**
**"ငွေဟာမကောင်းမှုအားလုံးရဲ့ အရင်းအမြစ် တစ်ခုပဲ"**



တစ်ကယ်တော့ ငွေမရှိခြင်းဟာ မကောင်းမှုအားလုံးရဲ့ အရင်းအမြစ်ပဲ။ လူသတ်မှုတွေ၊ ဓါးပြတိုက်မှု တွေရဲ့ အဓိက အကြောင်းအရင်းက ငွေမရှိလို့လေ။ ဒါတွေ ဘာကြောင့် ပြောရလည်းဆိုရင် ကိုယ်က ငွေရှာမယ်ဆို ငွေနဲ့ ပတ်သက်လို့ negative attitudes တွေ မရှိတော့ ပိုကောင်းတာပေါ့။ အိတ်ကပ်ထဲမှာ ငွေရှိတာ ကောင်းပါတယ်။ ငွေအကြောင်းပဲ အမြဲတမ်းတွေးနေပြီး ခေါင်းထဲမှာ "ငွေငွေငွေ" ပဲ ဖြစ်နေမယ်

ဆိုရင်တော့ သတိထားဖို့ လိုပါတယ်။ အခုဆိုရင် သင့်ဆီမှာ ပိုက်ဆံရှာဖို့အတွက် ကောင်းတဲ့အတွေးအခေါ် စိတ်နေစိတ်ထားတွေ ရှိသွားပြီဆိုတော့ နည်းနည်းပိုပြီး လေ့လာရအောင်။

## Currency

"Current" ဆိုတာ ဘာလဲ။ လျှပ်စစ်သဘောမှာဆိုရင် higher voltage ကနေ lower voltage သို့ စီးဆင်းတာကို လျှပ်စီးကြောင်း current လို့ခေါ်ပါတယ်။ ရေရဲ့သဘောတရားအရဆိုရင် ရေကမြင့်တဲ့ ဆီကနေ နိမ့်တဲ့ဆီကို စီးဆင်းတယ်။ ရေစီးကြောင်းကိုလည်း current လို့ခေါ်ပြန်တယ်။



ဒါဆိုရင် ကျွန်တော်တို့ ပိုက်ဆံကို ဘာကြောင့် currency လို့ သတ်မှတ်ကြတာလဲ။ ဘာလို့လဲဆိုရင် ငွေကလဲ စီးဆင်းတဲ့ သဘောသဘာဝကို ပိုင်ဆိုင်ထားလို့လေ။ ငွေကြေးက အမြဲစီးဆင်းနေသင့်တယ်။ ငွေသားစီးဆင်းမှုက စီးပွားရေးကို ဖန်တီးပေးတဲ့အရာပါ။ သင့်မှာ ပိုက်ဆံ ရှိတယ်၊ သင်ကအဲ့ပိုက်ဆံကို စုပြီး ထိုင်နေမယ် ဆိုရင်တော့ ငွေကြေးဖောင်းပွမှုက သင်စုထားတဲ့ ပိုက်ဆံတွေကို ဆုံးရှုံးသွားစေနိုင်ပါတယ်။ ဒါဆိုရင် "ငွေကြေးဖောင်းပွမှု" – "inflation" ဆိုတာဘာလဲ။

## Inflation

- ဒီနေ့သင့်လက်ထဲမှာ ပိုက်ဆံတစ်သောင်းရှိတယ် ဆိုပါစို့။ ဘယ်လောက်ရှိတာလဲ။
- အဖြေမှန်က "တစ်သောင်းကျပ်" ပေါ့။ တန်ဖိုးကော ဘယ်လောက်ရှိလဲ။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ဆိုရင်တော့ အဲ့ဒီပိုက်ဆံက သင်နဲ့သင့်သူငယ်ချင်းတွေ လက်ဖက်ရည်ထိုင်ပြီး မိုက်ကားထွက်တဲ့ အထိစားလို့ရတယ်ဟုတ်။ သင်နောက်ထပ် ဆယ်ကြိမ် လောက်တောင် လုပ်လို့ရပါသေးတယ်။ ဘာကြောင့်လဲ ဆိုတော့ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်က ကျွန်တော်နဲ့ ကျွန်တော့်ညီမလေး "Lucky Seven" လက်ဖက်ရည်ဆိုင်ကို အမြဲ ထိုင်လေ့ရှိပြီး ကျွန်တော်တို့ ကြိုက်သလောက်စားရင်တောင်မှ (၈၉၀) ကျပ်လောက်ပဲ ကျတာကို မှတ်မိနေသေးလို့ပါ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက စားတဲ့အတိုင်း၊ သောက်တဲ့အတိုင်း ကျွန်တော်တို့ မှာစားမယ်ဆိုရင် အခုအချိန် ၇,၀၀၀ ကနေ ၉,၀၀၀ ကြား ကုန်ကျမှာပါ။

ဘာကြောင့်အဲ့လိုဖြစ်တာလဲ။ အချိန်တွေကြာလာတာနဲ့အမျှ ငွေတန်ဖိုးက လျော့သွားတာကြောင့်ပါ။ အဲ့ဒါကို “inflation” လို့ခေါ်ပါတယ်။ ဒါကြောင့် သင့်အိပ်ယာ အောက်မှာ ပိုက်ဆံတွေရှိတယ်၊ အဲ့ဒီပိုက်ဆံတွေကို သင်ဘာမှ မလုပ်ခဲ့ဘူးဆိုရင် အခုအချိန် ကစပြီးနောက် (၁၀) နှစ် အနှစ် (၂၀) အတွင်းမှာ သင့်ပိုက်ဆံတွေရဲ့ တန်ဖိုးကလျော့ကျသွားမှာပါ။ တချို့တွေက ပြောကြပါလိမ့်မယ်။ “ငါတို့ကပိုက်ဆံတွေကို အိပ်ယာအောက်မှာ မထားဘူး၊ bank မှာထားတာ၊ bank က ငါတို့ကို နှစ်စဉ်အတိုး (၆) ရာခိုင်နှုန်းပေးတယ်။” အဲဒါကို ကျွန်တော်ကတော့ “အရမ်းကောင်းပါတယ်” လိုပဲ တုံ့ပြန်မှာပါ။ အနည်းဆုံးတော့ သင့်ပိုက်ဆံတွေ ကနေအတိုးရသေးတယ်လေ။ တစ်ချိန်တည်းမှာပဲ အောက်မှာပြထားတဲ့ဇယားကို ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ **inflation rate** “ငွေကြေး ဖောင်းပွမှုနှုန်း” က (၈.၈၃) ရာခိုင်နှုန်း ရှိနေတာကို တွေ့မှာပါ။ ဒါကြောင့် တစ်နှစ်ကုန်သွားပြီဆိုတာနဲ့ ဘဏ်ကနေ အတိုး (၆) ရာခိုင်နှုန်း ရအောင်စီမံထားတယ်ဆိုရင် တောင်မှ သင့်ရဲ့ ပိုက်ဆံတွေ အပေါ်မှာသင်က ၂.၈၃ ရာခိုင်နှုန်း လောက်ကို ဆုံးရှုံးနေအုံးမှာပါ။

| Similar Country Ranking | |
|---|---|
| **Country Name** | **Inflation Rate (%)** |
| Sudan | 50.99% |
| Nigeria | 11.40% |
| Pakistan | 10.58% |
| Zambia | 9.15% |
| **Myanmar** | **8.83%** |
| Ukraine | 7.89% |
| India | 7.66% |

အဓိကအကျဆုံးအချက်က သင့်ပိုက်ဆံတွေကို သင့်အတွက်အလုပ်ကြိုးစား ခိုင်းဖို့ တခြားသူ တွေထက် သင်ပိုကျွမ်းကျင်တဲ့ နယ်ပယ်ထဲမှာ ထည့်ထားဖို့ပါပဲ။ ကျွန်တော်က “Forex trader” တစ်ယောက်၊ “Trading” လုပ်တာကို ကျွမ်းကျင်တယ်။ ဒါကြောင့် “Forex market” မှာ ထည့်ထားမှာပါ။

## Commodity

စီးပွားရေးနဲ့ ဆိုင်တဲ့ကုန်ပစ္စည်းတွေဖြစ်တဲ့ “ဆီ,ဆန်, ဂျုံ, ရွှေ, ငွေ, သံ, ပြောင်းစေ့ စတာတွေ အကုန်လုံးက “Commodity” ပါပဲ။ ငွေကြေး အတက်အကျ ရှိတာကြောင့် ကုန်ပစ္စည်းဈေးနှုန်းတွေ ကလဲ ပြောင်းလဲ နေတတ်တယ်။ သင်ဟာ “forex ဇယား” ကို ကြည့်မယ်ဆိုရင် ငွေကြေးတွေဟာ စက္ကန့် အနည်းငယ်တိုင်းမှာ တက်လိုက်ကျလိုက် ဖြစ်နေတာကို တွေ့ရမှာပါ။ ကုန်ပစ္စည်းတွေ ဈေးအရမ်းတက် လာတဲ့အခါ ကုမ္ပဏီရဲ့ ဘဏ္ဍာငွေကို ထိခိုက်လာနိုင် ပါတယ်။

**ဥပမာ ။** ။ သင်ဟာ ခရီးသွား bus ကုမ္ပဏီ ကဆိုပါစို့။ ဓါတ်ဆီဈေးက လပိုင်းလေး အတွင်းမှာပဲ (၆၀၀) ကျပ်ကနေ (၁,၀၀၀) ကျပ် အထိ ခုန်တက်သွားတယ်ဆိုရင် အသုံးစရိတ်တွေမြင့်လာပြီး ကုမ္ပဏီရဲ့ ဝင်ငွေကလဲ ကျဆင်းလာမှာပါ။

**ဥပမာ ။** ။ သင်က ကုမ္ပဏီပိုင်ရှင် ဆိုပါစို့။ သင်ဟာ CEO တစ်ယောက်ကို အလုပ်ခန့်ထားတယ်၊ သူရဲ့လစာက ဒေါ်လာ တစ်သောင်းဆိုကြပါစို့။ တစ်ဒေါ်လာ = ၁,၅၀၀ ကျပ်၊ ဒါဆို သင့်ရဲ့ အသုံးစရိတ်က သိန်း (၁၅၀) ကျပ်၊ ရုတ်တရက် ငွေကြေးက ဖောင်းပွလာပြီး တစ်ဒေါ်လာက ၁,၆၀၀ ကျပ်ဖြစ်သွားတယ်ဆိုရင် သင့်ရဲ့ အသုံးစရိတ်က သိန်း (၁၆၀) ထိ တက်သွားမှာပါ။ အသုံးစရိတ်မြင့်လာတာ နဲ့ အမြတ်ငွေက ကျလာမှာပဲ။

ဒါကြောင့်မို့ ကုမ္ပဏီတွေက လူသုံးကုန်ပစ္စည်းတွေ ဈေးနည်းပြီးငွေကြေးဖောင်းပွမှု နည်းတာကို ကြိုက်ကြတာပါ။ အဲ့လိုမှ သူတို့ ဘဏ္ဍာငွေတွေ ပိုမြင့်လာမှာ ဖြစ်ပြီးအမြတ်ငွေပိုရလာမှာ ဖြစ်လို့ပါ။

အခုဆိုရင်တော့ ပိုက်ဆံက ဘယ်လို အလုပ်လုပ်လဲဆိုတာကို ကောင်းကောင်း နားလည်သွားလောက်ပြီ။



ဒါဆိုရင် bull economy နဲ့ bear economy ကို ခွဲခြမ်းစိတ်ဖြာပြီး ဒီ သင်ခန်းစာကို အဆုံးသတ်ကြရအောင်။

Bull economy မှာ၊ ငွေကြေး (currencies) တွေကခိုင်မာတယ်၊ လူသုံးကုန် (commodities) တွေက အားနည်းတယ်၊ ငွေသားစီးဆင်းမှုက လွယ်တယ်၊ ငွေကြေးဖောင်းပွမှု နှုန်းနှေးသွားတယ်။

Bear Market မှာ၊ ငွေကြေး (currencies) တွေကအားနည်းတယ်၊ လူသုံးကုန် (commodities) တွေက ခိုင်မာတယ်၊ ငွေကြေးငွေသားစီးဆင်းမှုက ကြပ်တည်းတယ်၊ ငွေကြေးဖောင်းပွမှုက မြန်တယ်။

# အခန်း (၃)

# စိတ်ပိုင်းဆိုင်ရာ နဲ့ အတတ်ပညာ (Mindset vs Skillset)

Mindset ဆိုတာ အရိုးရှင်းဆုံး ပြောရရင် စိတ်ပိုင်းဆိုင်ရာယုံကြည်ချက်။ ကိုယ့်ကိုယ်ကိုနဲ့လောကကြီး အပေါ်မှာရှိတဲ့အထင်အမြင် သင်ဘယ်လိုတွေးသလဲ၊ ဘာတွေခံစားရလဲ၊ အဲဒီအပေါ်မှာဘယ်လိုပြုမူလဲ ဆိုတာတွေကို သင့်ရဲ့ Mindset ကလွှမ်းမိုးထားတယ်။ Skillset ဆိုတာကတော့ သင့်ဘဝတစ်လျှောက်လုံးရယ် လုပ်ငန်းခွင်မှာရယ် တိုးတက်ဖွံ့ဖြိုးလာခဲ့တဲ့အသိပညာ၊ ကိုယ်ရည်ကိုယ်သွေး၊ အရည်အသွေးတွေနဲ့ စွမ်းရည်တွေ ပေါင်းစပ်မှုပါ။ Mindset နဲ့ Skillset ဘယ်ဟာပိုအရေးကြီးလဲ။

ကျွန်တော် အသက်အာမခံ ကုမ္ပဏီတစ်ခုရဲ့ Top Management level မှာ အလုပ်လုပ်ခဲ့ဖူးတယ်။ ဒီအသက်မွေးဝမ်းကျောင်းက ယူဆောင်ပေးနိုင်တဲ့ အံ့သြဖွယ်ကောင်းတဲ့ အခွင့်အလမ်းတွေ အကြောင်း ကျွန်တော် အမြဲပြောပြ ဖြစ်တယ်။ Financial Industry တွေက လစာကောင်းကောင်းပေးတဲ့အတွက် လူတွေကအဲ့ဒီနယ်ပယ်မှာ အလုပ်လုပ်ချင်ကြတယ်။ တစ်ချို့ဆို insurance sales, underwriting, claims, product development နဲ့ တခြားဆက်စပ်နေတဲ့ လုပ်ငန်းစဉ်တွေကို လေ့လာဖို့ စိတ်အား ထက်သန်လာကြပါတယ်။ ဒါ skillset ကို လေ့ကျင့်တာပေါ့။ နောက်ပိုင်းတော့ အသက်အာမခံ ကုမ္ပဏီတွေမှာ အလုပ်တွေ လျှောက်ကြပါတယ်။

ကျွန်တော် သဘောပေါက်ခဲ့တာတစ်ခုကတော့ လုပ်ငန်းတိုင်းဟာ ဘယ်နယ်ပယ် ပဲဖြစ်ဖြစ် အလားအလာ ရှိကြပါတယ်။ အတတ်ပညာဆိုတာက သင်ယူလို့ရတယ်လေ။ ဒါပေမယ့် လူတိုင်း သက်ဆိုင်ရာ နယ်ပယ်တွေမှာ မအောင်မြင်ကြဘူး။ တကယ်လို့သာ ကျွမ်းကျင်မှု Skillset က Career သို့မဟုတ် Business မှာ အမှန်တကယ်အောင်မြင်မဲ့ တစ်ခုတည်းသော သော့ချက်ဆိုရင် လူတိုင်းနီးပါး အောင်မြင် နေမှာပေါ့။

Career သို့မဟုတ် Business မှာ ထူးချွန်သောရလဒ်ကောင်းတွေ အမှန်တကယ် ရဖို့ဆိုရင် မှန်ကန်တဲ့အတွေးအမြင် (mindset) ရှိဖို့ လိုအပ်တယ်။ တကယ်တော့ သင့်ရဲ့အောင်မြင်မှု ၇၀% ဟာ သင့်ရဲ့ Mindset ကနေလာတယ်လို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။ Skillset က ၃၀% လောက်တော့ ပါတာပေါ့။ ၂၀၁၆ တုန်းက NLP ဆွေးနွေးပွဲတွေကို ကျွန်တော်တက်ခဲ့ဖူးပါတယ်။ ကျွန်တော့်ရဲ့ Mentor က အဲ့အတိုင်း ပြောပြခဲ့တယ်လေ။ အဲ့ဒီတုန်းကတော့ မယုံခဲ့ဘူး။ ကျွန်တော့်ရဲ့ Career ဖြစ်တဲ့ အသက်အာမခံ ကုမ္ပဏီတစ်ခုမှာ Executive Director အနေနဲ့ရယ်၊ Forex Trading ကနေ ကျွန်တော် အောင်မြင် ခဲ့တာတွေကို ပြန်လည်သုံးသပ်ကြည့်တဲ့အခါမှာ သူပြောတာတွေက အမှန်ဆိုပြီး နားလည်ခဲ့တာပါ။ သင့်မှာ မှန်ကန်တဲ့ စိတ်ဓာတ် (the right mindset) မရှိရင် သင်ဟာ နယ်ပယ်တစ်ခုမှာ ဘယ်လောက်ပဲ ကျွမ်းကျင် နေပါစေ ထိပ်ဆုံးကို မရောက်နိုင်ပါဘူး။ ဆိုလိုတာက ကျွမ်းကျင်မှုဆိုတာက သင်ယူလို့ရတယ်၊ သင့်နယ်ပယ် သို့မဟုတ် သင့်ရုံးကလူအများစုကလဲ သင့်လိုပဲ တူညီတဲ့အရည်အချင်းတွေ ရှိကြမှာပဲလေ။

ဒီတော့ mindset ကို ဘယ်လိုမွေးမြူကြမလဲ။ Mindset ဆိုတာက မှန်ကန်တဲ့ စိတ်ဓာတ် / စိတ်ပိုင်းဆိုင်ရာ ယုံကြည်ချက် တစ်ခုလေ။ ဘဝမှာ မှန်တဲ့ယုံကြည်မှု မှားတဲ့ယုံကြည်မှု ဆိုပြီး မရှိဘူး။ သင်လုပ်နိုင်တယ်လို့ပဲ ယုံကြည်သည်ဖြစ်စေ၊ မလုပ်နိုင်ဘူးလို့ပဲ ယုံကြည်သည်ဖြစ်စေ သင်မှန်ပါတယ်။

ကိုယ့်အတွက် အကျိုးပြု နိုင်တဲ့ယုံကြည်မှု (empowering beliefs) နဲ့ အကျိုးမပြုနိုင်တဲ့ယုံကြည်မှု (disempowering beliefs) ဆိုပြီး နှစ်ခုပဲရှိတာပါ။ empowering beliefs ကတော့ သင့်ဘဝရည်မှန်းချက်တွေ အောင်မြင်ဖို့ပံ့ပိုးပေးမှာ ဖြစ်ပြီး disempowering beliefs တွေ ကတော့သင့်ကို အဟန့်အတား ဖြစ်စေတယ်။ ပြီးတော့ ကောင်းမွန်တဲ့ ရလဒ်တွေ ဆီကနေ အဝေးကို ဆွဲခေါ်သွားလိမ့်မယ်။ ဒါ့ကြောင့် ဒီနေရာမှာ ကျွန်တော် Forex Market မှာ ပုံမှန်အမြတ်ငွေ (consistent profits) တွေ ရရှိအောင် စွမ်းဆောင်ပေးခဲ့တဲ့ ကျွန်တော့်ရဲ့ "empowering beliefs" တွေကို ပြောပြပေးပါမယ်။

#1) အပြစ်မတင်ပါနဲ့ ၁၀၀% တာဝန်ယူပါ။

တွေ့ဖူးလား – "ငါဒီလိုဖြစ်ရတာ ဟိုဟာကြောင့်၊ ဒီဟာကြောင့်၊ ဟိုလူကြောင့်၊ ဒီလူကြောင့်" ဆိုပြီး အကုန်လုံးကို အပြစ်တင်တယ်၊ သူ့ကိုယ်သူကလွဲလို့ အဲလိုသူတွေကို မြင်ဖူးလား။ ဥပမာ – ဆရာက စာကောင်းကောင်းမသင်နိုင်လို့ ငါစာမေးပွဲကျတာ၊ နိုင်ငံရေးကြောင့် ငါ့စီးပွါးရေး မကောင်းတာ၊ ငါ့ BOSS လူကဲခတ်တာမတော်လို့ ငါအခုထိရာထူးမတိုးသေးတာ၊ ဟိုကောင်ကြောင့် ငါ့ဘဝဒီလိုဖြစ်ရတာ စသည်ဖြင့်။

အောင်မြင်နေတဲ့သူတွေကို လေ့လာကြည့်တဲ့အခါ ကျွန်တော်တို့ဘဝထက် သူတို့ဘဝက ပိုသာနေလို့ အောင်မြင်နေကြတာ မဟုတ်ဘူးဆိုတာ သိရလိမ့်မယ်။ ထူးချွန်ကျောင်းသားတွေ စာညံ့တဲ့ကျောင်းသားတွေ ဆိုတာလည်း တစ်ခါတလေ ဆရာတစ်ယောက်ထဲက သင်ပေးထားတာတွေပါပဲ။ အချို့သောလုပ်ငန်းတွေဆိုရင် Covid–19 ကပ်ရောဂါကာလအတွင်း ပိုတောင်ကြီးထွားလာပါသေးတယ်။ (များသောအားဖြင့် online business တွေပေါ့ )…။ တချို့လူတွေဆိုရင် Financial Crisis အတွင်းမှာတောင် ရာထူးတွေတိုးသွားကြတယ်။ Forex Market ထဲမှာလည်း ဈေးတက်သည်ဖြစ်စေ၊ ကျသည်ဖြစ်စေ တချို့ Trader တွေက ပုံမှန်အမြတ်ငွေ (consistent profits) တွေရနေကြတာပဲ။ ဒါ့ကြောင့် သူများကို အပြစ်တင်လို့ ကိုယ့်ရလဒ်တွေ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ ကိုယ့်ဘဝရဲ့ရလဒ်တွေဟာ ကိုယ့်ရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ တွေကြောင့် ရနေတာလို့ သိထားရလိမ့်မယ်။

စဉ်းစားကြည့်ပါ။ ငါ့ဘဝဒီလိုဖြစ်တာ ဟိုကောင်ကြောင့်လို့ဆိုရင် အဲဒီ "ဟိုကောင်" ပြောင်းလဲမှ သင့်ဘဝလဲ ပြောင်းလဲနိုင်မှာပေါ့။ အကယ်၍ ငါအခုလို အခြေအနေကို ရောက်နေတာ ငါ့ရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ တွေကြောင့်လို့ဆိုရင် ကိုယ့်ဘဝကိုယ် ပြောင်းလဲနိုင်စွမ်းက ကိုယ့်လက်ထဲမှာပဲ ရှိနေမှာပေါ့။ တစ်ကယ်တော့ ကိုယ့် ဘဝရဲ့ ရလဒ်တွေဟာ ကိုယ်ကိုယ်တိုင်ပဲ ထိန်းချုပ်နိုင်စွမ်းရှိတာပါ။

#2) စိတ်ရှည်ပါ။

စိတ်ရှည်ခြင်းက Finiancial market ထဲမှာ ငွေရှာဖို့ အဓိကကျတဲ့အချက်တွေထဲက တစ်ခုဖြစ်ပါတယ်။ ***Charlie Munger*** က **"The big money is not in the buy or selling, but in the waiting"** ဆိုလိုတာက **"ရောင်းခြင်းဝယ်ခြင်းတွေကနေ ငွေတွေအများကြီးရတာမဟုတ်ဘူး၊ စောင့်ဆိုင်းခြင်းကသာရတာ"** ဆိုပြီး ပြောခဲ့ပါတယ်။

## #3) လောဘကို ထိန်းချုပ်ပါ။

ငွေကို သင့်လက်ထဲ ရောက်ပါစေ၊ ဒါပေမယ့် ခေါင်းထဲကို မရောက်ပါစေနဲ့။ လောဘက ထိန်းနိုင်မှသာ ကောင်းပါတယ်။ လောဘကြောင့် ကျွန်တော်တို့တွေဟာ ငွေပိုရှာကြတယ်၊ စီးပွားရေးလုပ်ငန်းတွေ ထူထောင်ကြတယ်၊ Skill အသစ်တွေကို သင်ယူပြီး လုပ်ငန်းခွင်မှာ ပိုမိုမြင့်မားသော တာဝန်တွေကို ရယူချင်ကြတယ်။ ဒါပေမယ့် လောဘစိတ်က သင့်ခေါင်းထဲကိုဝင်လာတာနဲ့ အဲ့စိတ်က သင့်ကိုဖြည်းဖြည်းချင်း စိုးမိုးသွားပြီး နောက်ဆုံးကျရင် သင့်ရဲ့ဆုံးဖြတ်ချက်တွေကို ထိခိုက်လာမှာပါ။ Forex ဈေးကွက်မှာလည်း အဲ့အတိုင်းပါပဲ။ သင့်လောဘစိတ်ရဲ့ ဝါးမြိုတာခံရတာနဲ့ သင့်ရဲ့ကြိုတင်သတ်မှတ်ထားတဲ့ Trading Strategy ထက်ပိုပြီး အမြတ်တွေရချင်လာပါလိမ့်မယ်။ သင်သတိမထားမိလိုက်တဲ့ အချိန်မှာပဲ သင်ဆုံးဖြတ်ချက်တွေက စိတ်ခံစားမှု (emotions) တွေအပေါ်ပဲမှာ မူတည်နေတော့မှာ။ Trading မှာ စိတ်ခံစားမှုတွေကို ရှေ့တန်းတင်လိုက်ရင် ရလဒ်တွေဟာလည်း ကိုယ်မလိုချင်တဲ့ရလဒ်တွေ ဖြစ်လာပါလိမ့်မယ်။

## #4) အဖြစ်အပျက် + တုံ့ပြန်မှု = ရလဒ် → Events + Response = Results (E + R = O)

Events တွေဟာ နေ့စဉ်နဲ့အမျှ ဖြစ်ပျက်နေတဲ့ အရာတွေပါ။ မိုးရွာတာက Event တစ်ခုပါ။ စီးပွားရေး မြင့်တက်လာတာကလဲ Event တစ်ခုပါ။ စီးပွားရေးကျဆင်း လာတာကလဲပဲ Event တစ်ခုပါ။ ချမ်းသာတဲ့မိသားစုက မွေးလာတာလဲ Event တစ်ခု၊ ဆင်းရဲတဲ့ မိသားစုမှာ မွေးလာတာကလဲ Event တစ်ခုပါ။ တချို့ Events တွေက ကောင်းတယ်၊ တချို့ Events တွေက မကောင်းဘူး။ များသောအားဖြင့် ကျွန်တော်တို့က Events တွေကို ထိန်းချုပ်လို့ မရပါဘူး။

လူအများစုက သူတို့ရဲ့ Results တွေကို Events တွေက ဆုံးဖြတ်တယ်လို့ ထင်ထားကြတယ်။ ဥပမာ– "မိုးရွာလို့ ငါ့ဖောက်သည်တွေနဲ့ မဆုံနိုင်တော့ဘူး။ စီးပွားရေးမကောင်းလို့ ငါ့လုပ်ငန်းက ပြိုပျက်သွားတယ်" စသည်ဖြင့်ပေါ့။ တစ်ကယ်တမ်း စဉ်းစားကြည့်ရင် ကောင်းတဲ့ events ပဲဖြစ်ဖြစ် မကောင်းတဲ့ events ပဲဖြစ်ဖြစ် လူရယ်ဖြစ်လာရင် ကျွန်တော်တို့အားလုံး တွေ့ကြုံရတာပဲမဟုတ်ဘူးလား။ အောင်မြင်သူတွေလဲ မကောင်းတဲ့ Events တွေကို တွေ့ကြုံရတာပဲလေ။ ကမ္ဘာပေါ်မှာ အအောင်မြင်ဆုံးလူတွေကို လေ့လာကြည့်ရင် သူတို့ရဲ့ events တွေဟာ ကျွန်တော်တို့ထက်တောင် ပိုဆိုးတာကို တွေ့မှာပါ။ သို့သော် ကျွန်တော်တို့ အိပ်မက်တွေထက် ကျော်လွန်တဲ့ ရလဒ်တွေကို သူတို့ရကြတယ်။ ဘာကြောင့်လည်းဆိုတော့ သူတို့ဟာ သူတို့ဘဝမှာ ဖြစ်ပေါ်တဲ့အဖြစ်အပျက် events တွေက ရလဒ် Results တွေကို ဖြစ်ပေါ်စေတယ်လို့ သူတို့ လက်မခံထားကြဘူး။ (**Events ≠ Outcomes)** သူတို့ရဲ့ ယုံကြည်ချက်ကဖြစ်ပေါ်လာတဲ့ event အပေါ်မှာ တုံ့ပြန်တဲ့ သူတို့ရဲ့ action တစ်နည်းအားဖြင့် response ကသာ သူတို့ဘဝရဲ့ ရလဒ် result ကို ဖြစ်ပေါ်စေတယ်လို့ ယုံကြည် ထားကြတယ်။ Events တွေတော်တော်များများက ကျွန်တော်တို့ရဲ့ထိန်းချုပ်မှု အောက်မှာမရှိကြဘူး။ ဒါပေမဲ့ ဖြစ်ပေါ်လာတဲ့ Events အပေါ်မှာ ပြုမူတဲ့ကျွန်တော်တို့ရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ (actions) တွေ တစ်နည်းအားဖြင့် ကျွန်တော်တို့ရဲ့ တုန့်ပြန်မှု (response) တွေကတော့ ကျွန်တော်တို့ရဲ့ထိန်းချုပ်မှု အောက်မှာ ၁၀၀% ရှိတယ်။ ဒါအမှန်တရားပဲ။



လှေ သို့မဟုတ် ရွက်လှေငယ်တစ်စင်းကို ရွက်လွှင့်နေတဲ့ သင်္ဘောသားတစ်ဦးကို ကြည့်လိုက်ရင် သူတို့ကလေတိုက်တဲ့ နေရာကို မထိန်းချုပ်နိုင်ဘူးလေ။ လေကတော့သူ့ဟာသူ တိုက်ချင်တဲ့နေရာက တိုက်မှာပဲ။ လေတိုက်တာ Event တစ်ခုပဲလေ။ ဒါပေမယ့် ရွက်လွှင့်တာ လေတိုက်တဲ့လမ်းကြောင်း ပြောင်းသွားလို့ သွားချင်တဲ့နေရာ မရောက်ဘူးလို့ပြောတဲ့ ရွက်လွှင့်သမားတွေ့ဖူးလား။ ဘာကြောင့်လဲဆို သူတို့က သူတို့မထိန်းချုပ်နိုင်တဲ့ (လေတိုက်ရာလမ်းကြောင်း) – Event ပေါ်မှာ အာရုံမစိုက်ဘူး။ သူတို့ရဲ့ ထိန်းချုပ်မှုအောက်မှာ ၁၀၀% ရှိတဲ့လှေရဲ့ရွက်ကို လေတိုက်ရာ လမ်းကြောင်းပေါ်မူတည်ပြီး ပြောင်းလဲမှု ပြုလုပ်ခြင်း (Response) ပေါ်မှာပဲအာရုံစိုက် ကြတယ်လေ။ ကျွန်တော်တို့ဘဝတွေမှာလည်း ကိုယ့်ထိန်းချုပ်မှုအောက်မှာမရှိတဲ့ အရာတွေပေါ်မှာ အချိန်မဖြုန်းပဲ ကိုယ်ဘာလုပ်လို့ရမလဲ၊ တစ်နည်းအားဖြင့် ကိုယ့်ရဲ့ response ပေါ်မှာ အာရုံစိုက်မယ်ဆိုရင် အခုရနေတဲ့ ရလဒ်တွေလည်း ပြောင်းလဲလာမှာပါ။

Forex Market မှာလည်း အလားတူပါပဲ။ Market Trending up တာ Event တစ်ခု ဖြစ်တယ်။ Market Trending down တာကလည်း Event တစ်ခုပဲ။ Market က ဘေးတိုက်သွားနေတာလဲ Event တစ်ခု ပဲပေါ့။ ကျွန်တော်တို့က အဲ့တာတွေကို ထိန်းချုပ်လို့ မရပါဘူး။ သို့သော် ကျွန်တော်တို့ရဲ့ တုံ့ပြန်မှု (Response) တွေ ကိုတော့ စီမံခန့်ခွဲ နိုင်ပါတယ်။ အဲဒီအပေါ်မှာ ကျွန်တော်တို့ ၁၀၀% ထိန်းချုပ်မှု ရှိတယ်မလား။ ဈေးကွက်က ဘယ်လမ်းကြောင်းကို သွားနေပါစေ၊ trader ကောင်းတစ်ယောက်ဟာ ရေရှည်မှာ ငွေရအောင် ရှာနိုင်ပါတယ်။

#5) ဖွဲ ရှိခြင်း။



ယုန်နဲ့လိပ် အပြေး ပြိုင်ပွဲမှာ ဘယ်သူအနိုင်ရခဲ့လဲ။ ယုန်လား၊ လိပ်လား။ ကျွန်တော်တို့က ဘဝမှာ ရလဒ် (results) တွေရဖို့ဆိုရင် အလုပ်တွေလုပ်ရပါတယ်။ အဲဒီအလုပ်တွေ လုပ်တဲ့နေရာမှာလည်း ဖွဲ ရှိဖို့ လိုအပ်ပါတယ်။

**Actions → Results**


*ဒီနေရာမှာ Jeff Olson ရဲ့ Slight Edge စာအုပ်ကို recommend ပေးပါတယ်။ အောင်မြင်မှုဆိုတာ ခရီးတစ်ခုဆိုတာ သတိရပါ။ ဘယ်ဈေးကွက်မှာမှ ရင်းနှီးမြုပ်နှံဖို့ မလုပ်ခင်မှာ ကျွန်တော်တို့ မိမိကိုယ်ကို ရင်းနှီးမြုပ်နှံဖို့ လိုအပ်ပါတယ်။ အချိန်ရရင် အွန်လိုင်းမှာ သွားဖတ်ကြည့်ပါ။ အဲ့ဒီစာအုပ်ကို အခမဲ့ ဖတ်ရမှာပါ။*

ကျွန်တော် Forex Market မှာ ငွေရှာရတဲ့ အကြောင်းအရင်းက ကျွန်တော့်မှာ ဈေးကွက်ထဲမှာ အားသာချက် တစ်ခု (edge) ရှိလို့ပါပဲ။ အဲ့ဒီ edge က ကျွန်တော့်ရဲ့ ငွေကြေးစီမံခန့်ခွဲမှုကျွမ်းကျင်မှု၊ trading ကျွမ်းကျင်မှုနှင့် အရေးကြီးဆုံးကတော့ ကျွန်တော့်ရဲ့ Mindset ကနေလာတာပေါ့။ နေ့တိုင်း၊ ကျွန်တော်က ကျွန်တော့်ငွေတွေကို တစိုက်မက်မက် စီမံခန့်ခွဲတယ်၊ ကျွန်တော့် trade တွေ သေချာနေရာချတယ်၊ စိတ်ခံစားမှုတွေကို အဝင်မခံပါဘူး။

# အခန်း (၄)

## Forex ရဲ့အရေးပါမှု

၂၀၂၁ ခုနှစ်ကိုတော့ မေ့နိုင်မယ်မထင်ဘူး။ ကြီးမားတဲ့နိုင်ငံရေးပြောင်းလဲမှုကြီး ကျွန်တော်တို့နိုင်ငံမှာဖြစ်ပေါ်ခဲ့တယ်။ အဆိုးဘက်ကို ဦးတည်ပြီးတော့ပေါ့။ ဒီစာအုပ်က နိုင်ငံရေးစာအုပ်မဟုတ်တဲ့အတွက် အဲ့ဒီအကြောင်း ရှည်ရှည်ဝေးဝေး ဆက်မပြောချင်ပါဘူး။ ဒါပေမယ့် နိုင်ငံခြားငွေဈေးအပြောင်းအလဲဟာ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး အခြေအနေတွေ စီးပွားရေး အခြေအနေတွေ ပေါ်မှာမူတည်နေတော့လည်း ပြောသင့်သလောက်တော့ပြောရပါလိမ့်မယ်။




နိုင်ငံအနေနဲ့မပြောခင် ကုမ္ပဏီတွေကို အရင်ကြည့်ကြည့်ရအောင် အထူးသဖြင့် အများပိုင်ကုမ္ပဏီတစ်ခုဆိုပါစို့။ အများပိုင်ကုမ္ပဏီဟာ အများပြည်သူကို သူ့ရဲ့ရှယ်ယာ (shares) တွေထုတ်ရောင်းလေ့ရှိကြတယ်။ လူတွေက အဲ့ဒီ ရှယ်ယာတွေကို ဝယ်ယူလို့ရတယ်။ ပြီးတော့အချင်းချင်း ပြန်ရောင်းချလို့လည်းရတယ်။ အဲ့ဒီအရောင်းအဝယ်ကိုတော့ စတော့ဈေးကွက် (stock market) မှာပြုလုပ်ကြတယ်။ လူတွေဘာကြောင့် ဒီရှယ်ယာတွေကို အရောင်းအဝယ် လုပ်ကြတာလဲ။ ဘာကြောင့်လဲဆိုတော့ နောင်တစ်ချိန်မှာ ကုမ္ပဏီကြီးထွားလာတာနဲ့အမျှ သူ့ရဲ့ရှယ်ယာတွေလည်း ဈေးတက်လာမယ်ထင်လို့ ကုမ္ပဏီရှယ်ယာတွေကို ဝယ်ယူကြတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အဲ့ဒီ Company ရဲ့ အနာဂတ်မှာလည်း ရင်းနှီးမြှုပ်နှံတယ်ပေါ့။

ဒီလိုအများပိုင်ကုမ္ပဏီတွေဟာ နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်း (Financial reports) တွေကို ထုတ်ပြန်ရင် အများပြည်သူတွေက ဒါတွေကိုသုံးသပ်တွက်ချက်ပြီး ဒီ Company ဟာပြီးခဲ့တဲ့တစ်နှစ်မှာ ရောင်းအား တက်ခဲ့

သလား။ အမြတ်ငွေရောတိုးလာသလား။ Cash Flow from Operations, Return on Investment (ROI), စတဲ့ကုမ္ပဏီတစ်ခု ရဲ့ ငွေကြေးအခြေအနေတွေကို တိုင်းတာတဲ့စံနှုန်းထားတွေနဲ့ လေ့လာသုံးသပ်ကြတယ်။ အကယ်၍ ကုမ္ပဏီတိုးတက်ခဲ့တယ်ဆိုရင် အများပြည်သူတွေအနေနဲ့ ဒီကုမ္ပဏီမှာ ယုံကြည်မှုပိုများလာမယ်။ ယုံကြည်မှုများ လာတာနဲ့အမျှ ဒီကုမ္ပဏီရဲ့ရှယ်ယာတွေကို ပိုင်ဆိုင်ချင်သူပိုများလာမယ်။ ပိုင်ဆိုင်ချင်တော့ ဝယ်ကြ၊ ဒီလိုနဲ့ ဝယ်သူဟာ ရောင်းသူ ထက်ပိုများလာမယ်။ ပစ္စည်းတစ်ခုဟာ ဝယ်သူများလာပြီး (သို့) ဝယ်လိုအား တက်လာပြီဆိုရင် သူရဲ့ဈေးနှုန်းဟာလည်း တက်လာပါတယ်။ ကုမ္ပဏီရဲ့ ရှယ်ယာတန်ဖိုးတွေဟာလည်း ဒီလိုဈေးတက်လာကြတာပါပဲ။

တစ်ဘက်မှာ နောက်ထပ်ဖြစ်နိုင်တာကို ကြည့်ကြည့်ရအောင်။ ကုမ္ပဏီကနှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်း ထုတ်ပြန်လိုက်တယ်။ ရောင်းအားတွေဟာ ပြီးခဲ့တဲ့နှစ်လောက်မရခဲ့ဘူး။ အသုံးစရိတ်တွေလည်းတိုးခဲ့တယ်။ အမြတ်ငွေဟာလည်း ကျဆင်းလာခဲ့တယ်။ Cash flow From Operations, Return on Investment (ROI) တွေဟာလည်း ပြီးခဲ့တဲ့နှစ်ထက် ကျဆင်းခဲ့တယ်ဆိုရင် အများပြည်သူရဲ့ ဒီကုမ္ပဏီမှာယုံကြည်မှုတွေ နည်းလာမယ်။ နောင်လာမယ့်နှစ်တွေမှာ ရောင်းအားတက်အောင် မလုပ်နိုင်လို့ အရှုံးပေါ်ခဲ့ရင် ကုမ္ပဏီ အနာဂတ်မှာ မကြီးပွားပဲ ဆုတ်ယုတ်လာနိုင်တယ်ဆိုပြီး သုံးသပ်ကြမယ်။ ဒီလိုယုံကြည်မှု နည်းလာတာ နဲ့အမျှ ဒီကုမ္ပဏီရဲ့ရှယ်ယာတွေကို ကိုင်ထားချင်သူတွေ ပိုနည်းလာမယ်။ တစ်နည်းအားဖြင့် ရောင်းချချင်သူတွေ ပိုများလာမယ်။ ပစ္စည်းတစ်ခုဟာ ရောင်းချသူတွေ များလာပြီ (သို့) ရောင်းလိုအားတက်လာ ပြီဆိုရင် သူ့ရဲ့ ဈေးနှုန်း ကလည်း ကျဆင်းလာပါတယ်။ ကုမ္ပဏီရဲ့ရှယ်ယာတန်ဖိုးတွေဟာ ဒီလိုနဲ့ပဲ ဈေးကျ လာတတ် ပါတယ်။

ကုမ္ပဏီတွေလိုပဲ နိုင်ငံတွေဟာလည်း သူတို့ရဲ့ရှယ်ယာတွေ ထုတ်ရောင်းကြတယ်။ သူ့ကိုတော့ ရှယ်ယာလို့မခေါ်ဘဲ “ငွေကြေး” (Currency) လို့ခေါ်ကြတယ်။ မြန်မာနိုင်ငံမှာဆို Myanmar Kyat (MMK)၊ အမေရိကားမှာဆို United Stated Dollar (USD)၊ United Kingdom မှာဆို Great British Pound (GBP) စသည်ဖြင့် Currency အမျိုးမျိုးကိုထုတ်ယူကြတယ်။ နိုင်ငံတစ်နိုင်ငံအနေနဲ့ သွင်းကုန်လို ကုန်လုပ်ငန်းတွေ ချောမွတ်နေမယ်၊ အလုပ်လက်မဲ့နှုန်းတွေ လျော့ကျနေမယ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာမယ်။ တစ်နည်းအားဖြင့် စီးပွားရေး ကောင်းမွန်နေမယ်ဆိုရင် ပြည်သူတွေက အဲ့ဒီနိုင်ငံရဲ့ အနာဂတ်ကို ယုံကြည်မှုရှိကြမယ်။ ဒီလိုနဲ့ အဲ့ဒီနိုင်ငံရဲ့ငွေကြေးဟာ ခိုင်မာလာတယ်။

တစ်ဖက်မှာ နောက်ထပ်ဖြစ်နိုင်တာကလည်း နိုင်ငံတစ်နိုင်ငံအနေနဲ့ သွင်းကုန်ပို့ကုန်တွေလုပ်ဖို့ အခက်အခဲရှိတယ်။ အလုပ်လက်မဲ့နှုန်းတွေ တိုးလာတယ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မရှိတဲ့အပြင် ရှိတာလေးတွေပါ ထွက်သွားကြပြီ၊ တစ်နည်းအားဖြင့် စီးပွားရေး ဆုတ်ယုတ်လာမယ်ဆိုရင် ပြည်သူတွေက အဲ့ဒီနိုင်ငံရဲ့ အနာဂတ်ကို ယုံကြည်မှုအားနည်း လာကြမယ်။ နိုင်ငံရဲ့အနာဂတ်ကို ယုံကြည်မှုမရှိရင် အဲ့ဒီနိုင်ငံက ထုတ်တဲ့ငွေကြေး (Currency) ကိုလည်း လက်ကိုင်စုဆောင်းသူတွေ၊ သုံးစွဲသူတွေ နည်းလာကြမယ်။ ရောင်းချသူတွေ များလာကြမယ်။ ပစ္စည်းတစ်ခုဟာ ရောင်းသူ များပြီး

ဝယ်သူနည်းရင်တစ်နည်းအားဖြင့် Supply > demand = ရောင်းလိုအားက ဝယ်လိုအားထက် များနေမယ်ဆိုရင် သူရဲ့တန်ဖိုးဟာလည်း အချိန်နဲ့အမျှ ကျဆင်းလာမှာဖြစ်တယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ငွေကြေးအင်အား (Strength of the Currency) သည် အဲ့ဒီနိုင်ငံရဲ့ စီးပွားရေးပေါ်မှာ မူတည်နေပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေး သွင်းကုန်၊ ပို့ကုန်လုပ်ငန်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု စတဲ့ များစွာသောကဏ္ဍတွေဟာလည်း အဲ့ဒီနိုင်ငံရဲ့နိုင်ငံရေးပေါ်မှာ မူတည်နေတယ်ဆိုတာ အခုဒီစာအုပ်ကိုဖတ်နေတယ်ဆိုရင် လက်ရှိ မြန်မာနိုင်ငံကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေးအခြေအနေအရ ရှင်းပြစရာ မလိုလောက်ဘူး ထင်ပါတယ်။

ဒါကြောင့် Forex လို့ပြောလိုက်ရင် Computer ပေါ်မှာဇယား (Charts) လေးတွေ ကြည့်ပြီး mouse လေးတစ်ခုနဲ့ဟိုလျှောက်နှိပ် ဒီလျှောက်နှိပ် လုပ်တာထက် အများကြီးကိုကျယ်ပြန့်ပါတယ်။ ဒီစာအုပ်ကတော့ လူတစ်ယောက်ချင်းဆီ ကိုယ်ပိုင် Laptop နဲ့ Wi-Fi ရှိရုံနဲ့ Forex Trading ကနေ ပုံမှန်အမြတ်ငွေ ရရှိအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို ရည်ရွယ်ပြီးရေးသား ထားတာဖြစ်တဲ့အတွက် နောက်လာမယ့် အခန်းမှာတော့ အွန်လိုင်းကနေ Forex Trading လုပ်ခြင်း အကြောင်းကို တင်ပြပေးလိုက်ပါတယ်။

# အခန်း (၅)
# အွန်လိုင်းမှ နိုင်ငံခြားငွေကြေးရောင်းဝယ်မှုပြုလုပ်ခြင်း

Forex ဆိုတဲ့ စကားက foreign exchange ကနေ ဆင်းသက်လာတာပါ။ တချို့ကလဲ 'fx' လို့ ခေါ်ကြပါတယ်။ ကမ္ဘာတဝှမ်းမှာတော့ ငွေကြေးအမျိုးမျိုး ရှိကြပါတယ်။ ယနေ့အထိ အသုံးပြုနေတဲ့ ငွေကြေး ရှစ်မျိုးရှိပါတယ် အဲ့တာတွေကတော့ – ယူရို (EUR), US ဒေါ်လာ (USD), ဗြိတိန်ပေါင် (GBP), နယူးဇီလန်ဒေါ်လာ (NZD), ဂျပန်ယန်း (JPY), ဆွစ်ဖြင်သစ် (CHF), ဩစတြေးလျဒေါ်လာ (AUD) နဲ့ ကနေဒါဒေါ်လာ (CAD) တို့ပါ။ ကမ္ဘာတစ်ဝှမ်းမှာတော့ ငွေကြေးရောင်းဝယ်ကြတဲ့အခါ US dollars ကို စံပုံစံ အနေနဲ့ထားပြီး ရောင်းဝယ်ကြပါတယ်။ ဘာကြောင့်လဲဆိုရင် US ဒေါ်လာရဲ့ အဖက်ဖက်က ပိုပြီး သာလွန်နေတဲ့ အချက်တွေကြောင့်ပါ။ အကယ်လို့များ အနာဂတ်မှာ တခြားနိုင်ငံတစ်ခုခုက US ကို ကျော်တက်ခဲ့မယ်ဆိုရင် အဲ့ဒီနိုင်ငံရဲ့ ငွေကြေးကို ကျွန်တော်တို့ စံပုံစံအနေနဲ့ ပြောင်းပြီး သတ်မှတ်ကြရမှာပါ။ ဒါပေမဲ့ ယခုအချိန်အထိကတော့ USD က ကမ္ဘာအနှံ့မှာ သုံးစွဲနေတဲ့ ငွေကြေးဖြစ်နေဆဲပါ၊ ဒါကြောင့် ယနေ့ရွှေဈေးကိုလည်း USD နဲ့ပဲ များသောအားဖြင့် ရည်ညွှန်းလေ့ ရှိကြတယ်။




Forex Market ( ငွေကြေးလဲလှယ်တဲ့ ဈေးကွက်)

ရောင်းသူ နဲ့ ဝယ်သူပါမှ ဈေးကွက်တစ်ခု ဖြစ်ပါတယ်။ ဝယ်တဲ့သူမရှိရင် ရောင်းမထွက်သလို ရောင်းသူမရှိရင်လည်း ဝယ်ချင်ရင်တောင် ဝယ်လို့မရပါဘူး။ အပြန်အလှန်ပေါ့။ ဥပမာအနေနဲ့ Adam က သူ့ရဲ့ ဒေါ်လာသုံးရာကို ရောင်းပြီး မြန်မာငွေနဲ့ လဲချင်တယ်။ တနည်းအားဖြင့်တော့ သူက သူ့ရဲ့ USD ကိုရောင်းပြီး MMK ကို ဝယ်ချင်တာပါပဲ။ အချိန်အားဖြင့် တနင်္လာနေ့ နေ့လည် ၁၂ ခွဲ ဆိုကြပါစို့။ သူ့အရောင်းအဝယ် ပြီးမြောက်ဖို့အတွက်ဆိုရင် ဒေါ်လာသုံးရာနဲ့ ညီမျှတဲ့ မြန်မာငွေကိုရောင်းပြီး ဒေါ်လာသုံးရာကို ဝယ်ချင်တဲ့သူ အဲ့ဒီတနင်္လာနေ့ နေ့လည် ၁၂ ခွဲ တစ်ချိန်တည်းမှာ ရှိနေရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ငွေကြေးလဲလှယ်တဲ့ဆိုင် (money changer) တွေဝင်ရောက်လာတာပါ။ ငွေကြေးလဲလှယ် ပေးတဲ့ကောင်တာတွေက သင်ရောင်းချင်တဲ့ ဘယ်ငွေကြေးကိုမဆို (ခွင့်ပြုချက်ရရှိထားတဲ့


ငွေကြေး) ဝယ်ပေးမှာပါ။ တစ်ဖက်မှာလဲ သင်ဝယ်ချင်တဲ့ ဘယ်ငွေကြေးကိုမဆို (ခွင့်ပြုချက်ရရှိထားသော ငွေကြေး) ပြန်ရောင်းပေးမှာပါ။ သူတို့တွေဘာကြောင့် ဒါကိုလုပ်ကြတာလဲ။ သူတို့တွေဟာ အရမ်းကိုမှသဘောထား ကြီးပြီးကူညီချင်လို့ လုပ်တယ်လို့ ထင်လား။ အဲ့လိုမဟုတ်ဖူးဆိုတာ ငါတို့အားလုံး သိကြတယ် ဟုတ်။ တကယ်တော့ သူတို့က ဈေးကွက်မှာ ရှိနေတဲ့ပေါက်ဈေးထက် ပိုများတဲ့ဈေးနှုန်းနဲ့ ရောင်းကြပြီး ဈေးကွက် ပေါက်ဈေးထက် ပိုနည်းတဲ့ဈေးနဲ့ ဝယ်ယူခြင်းကနေ အမြတ်တွေ ရကြတာပါ။ ဥပမာ – ဈေးကွက်မှာ ငွေလဲလှယ်နှုန်းက တစ်ဒေါ်လာကို ၂၀၀၀ ကျပ်ပဲဆိုပါစို့။ ဒါပေမဲ့ သူ့တို့ကဈေးကွက်ကို ဒီလိုမျိုး ဖွင့်ကြပါတယ်။

**ဝယ်ဈေး = ၁၉၅၀ ကျပ်**
**ရောင်းဈေး = ၂၀၅၀ ကျပ်**

ဆိုလိုတာက ဈေးကွက်ရဲ့နှုန်းက တစ်ဒေါ်လာ = ၂၀၀၀ ကျပ် ပေါက်သော်လည်း သင့်ဘက်က တစ်ဒေါ်လာ ပေးရင် မြန်မာငွေ ၁၉၅၀ ကျပ်ပဲ ပြန်ရမှာပါ။ ဒါပေမဲ့ သင်က တစ်ဒေါ်လာ လိုချင်တဲ့ အခါက မြန်မာငွေ ၂၀၅၀ ကျပ် ပြန်ပေးရမှာပါ။ ဝယ်ဈေးနဲ့ ရောင်းဈေးကြားက ကွာဟမှုကို 'Spread' လို့ ခေါ်ပါတယ်။

နည်းပညာတိုးတက်လာတာနဲ့အမျှ လက်လီအရောင်းအဝယ် ကုန်သည်တွေဟာ အွန်လိုင်း ငွေလဲလှယ်တဲ့သူတွေဆီကနေ ငွေကြေးအမျိုးမျိုးကို ဝယ်တာ၊ ရောင်းတာတွေ လုပ်နိုင်ပါပြီ။ သို့ရာတွင် သူတို့ကို ငွေကြေးလဲလှယ်သူတွေလို့ ခေါ်မဲ့အစား 'forex brokers' ဆိုပြီး ခေါ်ကြပါတယ်။ ယနေ့ခေတ်မှာ သင်ဟာ သူတို့နဲ့အတူ 'brokerage account' တစ်ခုကို လွယ်လွယ်ကူကူ ဖွင့်နိုင်ပါတယ်။ နောက်တစ်ခုကတော့ သင့်ရဲ့အကောင့်ထဲကို ငွေဖြည့်လိုက်ပြီဆိုတာနဲ့ သင်ဟာအွန်လိုင်းကတစ်ဆင့် ငွေကြေးအမျိုးမျိုးကို ဝယ်ရောင်း စတင်လုပ်နိုင်ပါတယ်။ Professional traders တွေကတော့ trading platform တစ်ခုကနေပြီးတော့ ဝယ်တာ၊ ရောင်းတာတွေ လုပ်ရတာကိုပဲ ကြိုက်ကြပါတယ်။ သင့်ရဲ့ 'brokerage account' ထဲမှာ ငွေရှိတာက သင့်မှာ 'visa card' ရှိတာနဲ့ အတူတူပါပဲ။ သင်ဟာ 'visa payment' နဲ့ ရုပ်ရှင်ကြည့်ချင်တယ်ပဲ ဆိုကြပါစို့၊ သင်ဟာ အမျိုးမျိုးသောအွန်လိုင်း platform တွေဖြစ်တဲ့ Netflix, Amazon Prime, Vudu, Crackle, itunes စသည်ဖြင့် ရွေးချယ်နိုင်သလိုပဲ trading မှာလဲ သင့်ရဲ့ broker က ကမ်းလှမ်းထားတဲ့ platform တွေကနေ ရွေးချယ်နိုင်ပါတယ်။ ကျွန်တော်ကတော့ 'Meta Trader–4 platform' ကို သုံးပါတယ်။

**Investing vs trading** (ရင်းနှီးမြှုပ်နှံခြင်း vs ကုန်သွယ်ခြင်း)



ကျွန်တော့်ရဲ့ mentor ***'Adam Khoo'*** က ဒီလိုပြောခဲ့ပါတယ်။"

"ရင်းနှီးမြှုပ်နှံခြင်းက အိမ်ထောင်ပြုခြင်းဆိုရင် ကုန်သွယ်ခြင်းက (One–Night–Stand) တစ်ညတာ အပျော်ရှာခြင်းပဲ ဖြစ်တယ်''တဲ့။

အိမ်ထောင်ပြုတော့မယ်လို့ စိတ်ကူးကြည့်လိုက်ပါ၊ သင်ဟာ သင့်လက်တွဲဖော်ရဲ့ရာဇဝင်၊ သူမရဲ့ မိဘတွေက ဘယ်လိုမျိုးတွေလဲ၊ သူမရဲ့အလုပ်အကိုင်၊ သူ့အကျင့်စရိုက်၊ သူရဲ့ကိုယ်ရည်ကိုယ်သွေး၊ သူရဲ့ စိတ်နေသဘောထား စတာတွေကို သင် အရမ်းစိတ်ဝင်စားမှာပါ။ ဘာကြောင့်လဲဆိုတော့ သင်က လက်ထပ်တော့မှာလေ၊ ရေရှည်သွားတော့မှာလေ။

ဒါဆိုရင် "one–night stand" ကကော ဘယ်လိုမျိုးလဲ။ တစ်ညတာပျော်ဖို့အတွက် ရာဇဝင်တွေ၊ သူ့မိဘအကြောင်းတွေ၊ သူ့အလုပ်အကိုင်တွေ၊ စိတ်ထား ကောင်းမကောင်းတွေ ဘာမှဂရုမစိုက်ဘူး ဟုတ်။ အဓိကက ရုပ်ချောနေဖို့၊ တစ်ကိုယ်ရည်သန့်ရှင်းနေဖို့ပဲ လိုတာဟုတ်။ ဘာကြောင့်လဲ၊ ဒါက တစ်ညတာ အတွက်ပဲလေ။

အိမ်ထောင်ပြုသလိုပဲ ကျွန်တော်တို့တွေဟာ စတော့ရှယ်ယာ တွေ ငွေကြေးတွေကို ရင်းနှီးမြှုပ်နှံတဲ့အခါ ရေရှည်သွားကြရမှာ ဖြစ်ပါတယ်။ အိမ်ထောင်ပြုခါနီး သူ့ရဲ့နောက်ခံ Background ကို လေ့လာရသလိုပဲ Company တစ်ခု (သို့) Currency တစ်ခုမှာ ရင်းနှီးမြှုပ်နှံတော့မယ်ဆိုရင် သူ့ရဲ့ Fundamentals တွေဖြစ်တဲ့ Interest Rates, Net Profits, ROI, economic indicators, စတာတွေကို သိရှိနားလည်ဖို့ လိုတာပေ့ါ။ ကျွန်တော်ကတော့ Alibaba Stocks မှာ ရင်းနှီးမြှုပ်နှံပါတယ်။ လက်ရှိအခြေအနေမှာ ဈေးကွက်က ကျဆင်းသလို ဖြစ်နေသော်လည်း ကျွန်တော်ကတော့ Baba က ကောင်းတဲ့ ကုမ္ပဏီတစ်ခုလို့ ယုံကြည်တယ်။ ဒါကြောင့်လဲ အဲ့မှာ ရင်းနှီးမြှုပ်နှံခဲ့တာပါ။ ကျွန်တော်ကတော့ ရင်းနှီးမြှုပ်နှံရင် Stop Loss မသုံးဘူး။ Stop Loss ဆိုတာ ကိုယ့် investment ကို အကာအကွယ်ယူတာမျိုးပေ့ါ။ အိမ်ထောင်ပြုရင်ကော ကျွန်တော်တို့ အကာအကွယ် သုံးလို့လား။ အိမ်ထောင်ပြုကျတဲ့အခါမှာ အကာအကွယ်သုံးဖို့ မလိုဘူးဟုတ်။

One-night stand လိုပဲ ကျွန်တော်တို့ ငွေကြေးတွေကို trade တဲ့အခါ အချိန်တိုတိုနဲ့ သွားကြရတာပါ။ တချို့ trade တွေက တစ်ပတ်လောက်၊ တချို့က ရက်အနည်းငယ်၊ တချို့က နာရီပိုင်း အနည်းငယ်၊ တချို့ဆို မိနစ်အနည်းငယ် လောက်ပါပဲ။ One Night Stand မှာ သူမရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ စိတ်နေ သဘောထားတွေ ကျွန်တော်တို့ ဂရုမစိုက်သလိုမျိုးပဲ trading လုပ်တဲ့အခါမှာလဲ currency pair က ဈေးများ နေတာလား ဈေးနည်းနေတာလား ဂရုစိုက်လေ့မရှိဘူး။ ဘာကြောင့်လဲဆိုရင် တကယ်တမ်း လက်တွေ့ trading လုပ်တဲ့အခါ အချိန်တိုတိုအတွင်းမှာပဲ ဈေးများတဲ့ currency pair က ပိုများသွားနိုင်ပြီး ဈေးနည်းတဲ့ currency pair ကလဲ ပိုနည်းသွားနိုင်လို့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် one-night stand မှာ partner နဲ့ အကာအကွယ် သုံးသလိုပဲ trading လုပ်တဲ့အခါမှာလဲ "Stop loss" ကို သုံးရမယ်။


ကျွန်တော့အနေနဲ့ကတော့ currencies တွေကိုပဲ trade ပါတယ်၊ currency တစ်ခုထဲမှာ ရင်းနှီးမြှုပ်နှံမှု မလုပ်ပါဘူး။

## Bid & Ask Price

ဝယ်သူက Bid တယ် ၊ ရောင်းသူက ask တယ်။


သင်ဟာ ဝယ်တဲ့သူဆိုရင် ရောင်းတဲ့သူဆီက ဝယ်ရမှာဟုတ်။ ဒါကြောင့် ရောင်းသူရဲ့ ask price အတိုင်း သင်ဝယ်ရမှာပါ။ သင်က ရောင်းတဲ့သူဆိုရင်တော့ ဝယ်သူကိုပဲရောင်းလို့ရမှာဟုတ်။ ဒါကြောင့် bid price မှာရောင်းရတယ်။

## Types of Orders




Market order နဲ့ pending order ဆိုပြီး (၂) မျိုးရှိပါတယ်။ ဈေးကွက်ထဲကို အမြန်ရောက်လိုတဲ့အခါ Market order ကို သုံးပါတယ်။ Pending order ဆိုတာက ပိုကောင်းတဲ့ ဈေးကိုလိုချင်တဲ့အခါ စောင့်နေတာကို ပြောတာပါ။ Pending Order မှာ လေးမျိုးထပ်ခွဲထားပါသေးတယ်။ အဲ့တာတွေကို အောက်မှာ ရှင်းပြထား ပါတယ်။

Market order – ဆိုတာက လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း currency pair တစ်ခုကို ရောင်းတာ ဝယ်တာကို ဆိုလိုပါတယ်။ Metatrader 4 မှာတော့ "Market execution order" ကို သုံးပါတယ်။




- Buy limit order – ဆိုတာကတော့ currency pair တစ်ခုကို လက်ရှိဈေးကွက်ပေါက်ဈေးထက် လျှော့ပြီး ဝယ်တာ ဖြစ်ပါတယ်။ Metatrader – 4 မှာတော့ "Pending order" ကို သုံးပါတယ်။

- Sell limit order – ဆိုတာကတော့ currency pair တစ်ခုကို လက်ရှိပေါက်ဈေးထက် ပိုများတဲ့ဈေးနဲ့ ရောင်းတာ ဖြစ်ပါတယ်။ Metatrader – 4 မှာတော့ "Pending order" ကို သုံးပါတယ်။

- Buy stop order – ကတော့ currency pair တစ်ခုကို လက်ရှိပေါက်ဈေးထက် ပိုများတဲ့ဈေးနဲ့ ဝယ်တာ ဖြစ်ပါတယ်။ Metatrader – 4 မှာတော့ "Pending order" ဆိုပြီး သုံးပါတယ်။

- Sell Stop order – ကတော့ currency pair တစ်ခုကို လက်ရှိပေါက်ဈေးထက် လျှော့ပြီး ရောင်းတာ ဖြစ်ပါတယ်။ Metatrader – 4 မှာတော့ "Pending order" ကို သုံးပါတယ်။

Note: အဲ့ဒီ order type လေးမျိုးကို နားလည်ထားဖို့ အရေးကြီးပါတယ်။

## The reality of forex trading

ဒီခေါင်းစဉ်ကတော့ အမှန်တရားကိုဖော်ထုတ်ဖို့ ကျွန်တော်ဒီစာအုပ်ကိုရေးခဲ့တဲ့ အကြောင်းရင်းတွေ ထဲက တစ်ခုပါ။ Forex သာမက stocks၊ options၊ cryptocurrencies၊ futures ဈေးကွက် များကို ရောင်းဝယ်ခြင်းလုပ်ငန်းဟာ Laptop နဲ့ Wifi ရှိရုံနဲ့ လုပ်ငန်းစလို့ရတဲ့အတွက် အရင်းအနှီးနည်းပြီး အမြတ်အစွန်းကောင်းတဲ့၊ လူတိုင်းနီးပါး လုပ်ကိုင်လို့ရတဲ့ စီးပွါးရေးလုပ်ငန်းတစ်ခု ဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ မှန်ကန်သော နည်းဗျူဟာ (strategy)၊ စိတ်သဘောထား (mindset) နှင့် လုံ့လဆော်မှု

(motivation) တို့ ပေါင်းစပ်ခြင်းဖြင့် လူတိုင်းနီးပါး အသားတင်ဝင်ငွေ ရနိုင်တဲ့စီးပွါးရေးလုပ်ငန်းတစ်ခု လို့ ကျွန်တော်မြင်တယ်။

လူတော်တော်များများက trading မှာ အောင်မြင်ဖို့ဆိုရင် အနာဂတ်မှာ ဈေးကွက်အနေအထားကို ခန့်မှန်းနိုင်ဖို့ လိုတယ်လို့ ထင်နေကြပါတယ်။ အမှန်တရားတစ်ခုပဲ ပြောကြရအောင်။ အနာဂတ်ကို သင်ရော ၁၀၀% ခန့်မှန်းနိုင်လို့လား။ ကျွန်တော်ကတော့ မခန့်မှန်းနိုင်ပါဘူး။

**အမှန်တရား –** trading မှာ အောင်မြင်ဖို့အတွက် အနာဂတ်ကို ကြိုတင်ခန့်မှန်းဖို့ မလိုအပ်ပါဘူး။ အနာဂတ်ကို ဘယ်သူမှ 100% သေချာမခန့်မှန်းနိုင်ဘူးဆိုတာကို ကျွန်တော်ယုံကြည်ပါတယ်။

Trading အောင်မြင်ဖို့အတွက် လျှို့ဝှက်နည်းဗျူဟာ တစ်ခုရှိခြင်း ဒါမှမဟုတ် အနာဂတ်မှာ ဈေးကွက် အနေအထား ဘယ်လိုလာမယ်ဆိုတာကို ပြောပြနိုင်တဲ့ရှုပ်ထွေးတဲ့နည်းပညာတွေ ပေါင်းစပ်ပြီး ဖော်ပြ ပေးနိုင်တယ်လို့ လူအချို့က ထင်နေကြပါတယ်။ trading အောင်မြင်ဖို့ မှန်ကန်တဲ့ ဗျူဟာ (strategy) တစ်ခု ရှိဖို့ပဲ သေချာပေါက်လိုတာပါ။ သို့သော် strategy တစ်ခုရှိထားခြင်းက သင့် trading အောင်မြင်မှုရဲ့ 10% လောက်ပဲ ရှိတာပါ။

**အမှန်တရား– နည်းပညာဆိုင်ရာ ညွှန်ပြချက် (technical indicators) တွေက ဈေးကွက် (market) ကို မရွှေ့ပြောင်း နိုင်ပါ။ market ကသာ technical indicators တွေကို ရွှေ့ပြောင်းနိုင်တာပါ။**

သင်က ဝိတ်ကျချင်တယ်လို့ စဉ်းစားကြည့်ရအောင်။ ဝိတ်ကျဖို့အတွက်ဆိုရင် strategy တွေအများကြီး ရှိတယ်။ ရေကူးမယ်၊ လက်ဝှေ့ထိုးမယ်၊ cardio ဆော့မယ်၊ အလေးမမယ်၊ ကြက်တောင်ရိုက်မယ်၊ လမ်းလျှောက်မယ် စသည်ဖြင့် သင်လုပ်နိုင်တယ်။ ဝိတ်ကျဖို့ဆိုရင် သင်နဲ့ ကိုက်ညီတဲ့ လေ့ကျင့်ခန်းတစ်ခုကို သင်ရွေးရမယ်၊ ဘာကြောင့်လဲဆိုရင် အပေါ်မှာပြောထားတဲ့ program တိုင်းက ဝိတ်ကျဖို့ အထောက်အကူ ပြုလို့လေ။ exercise program တစ်ခုရှိခြင်းက forex trading မှာ strategy တစ်ခုရှိခြင်းနဲ့ အတူတူပါပဲ။ အဲ့တာက အောင်မြင်ခြင်း ၁၀% လောက်ပဲ ဖြစ်ပါတယ်။ ဝိတ်ကျဖို့အတွက်ဆိုရင် သင်မှာ တိကျတဲ့ စားသောက်မှု plan တစ်ခုလိုပါတယ်။ အဲ့လိုပဲ trading မှာလဲ တိကျတဲ့ risk management နည်းပညာတစ်ခု လိုပါတယ်။ ဒါမှသာ သင်က အနိုင်နဲ့အရှုံးကို စီမံခန့်ခွဲနိုင်မှာပါ။ ဝိတ်ကျတာရဲ့ ၃၀ ရာခိုင်နှုန်းက အစားအသောက် နဲ့ diet plan ကြောင့်ပါ။ အဲ့လိုပဲ trading မှာလဲ အောင်မြင်မှုရဲ့ ၃၀%လောက်က risk management ကြောင့်ပါ။

အခု သင့်မှာ ကယ်လိုရီတွေလောင်ကျွမ်းဖို့နဲ့ ခန္ဓာကိုယ်ကို ပုံသွင်းဖို့ exercise program တစ်ခုလဲရှိနေပြီ၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အာဟာရတွေ ပါဝင်တဲ့ သင့်တော်တဲ့ diet plan တစ်ခုလဲရှိနေပီ၊ ဒါပေမဲ့ သင်က plan အတိုင်း မလိုက်နာရင် အောင်မြင်ပါ့မလား။ မိုးရွာတဲ့နေ့ gym မသွားချင်တာတို့၊ အလုပ်မှာပင်ပန်းလာလို့ ဒီနေ့တော့ healthy foods ချက်မစားတော့ဘူးတို့ စသည်ဖြင့် exercise and diet plan ကနေသွေဖီ မသွားအောင် mindset ကလည်း အရေးကြီးပါတယ်။ ဝိတ်ချတဲ့ ခရီးမှာ အောင်မြင်မှုရဲ့ 60% ဟာ မင်းရဲ့ စိတ်နေစိတ်ထား (mindset) ပေါ်မှာ မူတည်ပါတယ်။ အဲ့လိုပဲ trading မှာလဲ Strategy ကို

လိုက်နာမယ်လို့ ကိုယ့်ကိုယ်ကို ပြောတယ်။ ပြီးတော့ Trades လေး ၄/ ၅/ ၆ ခုရှုံးတာနဲ့ ကို Risk ပိုယူတာတို့၊ Trading Strategy ကနေသွေဖီပြီး လျှောက် Trade တာတို့ မလုပ်မိဖို့ Psychology က အရေးအကြီးဆုံး နေရာမှာ ပါဝင်နေပါတယ်။ trading မှာ အောင်မြင်မှုရဲ့ 60% က သင်၏ Psychology အပေါ် ပဲ မူတည် ပါတယ်။

**အမှန်တရား- Trading Psychology က အောင်မြင်တဲ့ Forex trading ရဲ့ အကြီးမားဆုံး အခန်းကဏ္ဍမှထဲမှာ ပါပါတယ်။**

Retail traders တွေရဲ့ 90% က ကျရှုံးကြပါတယ်။ အကြောင်းကတော့ မျှော်လင့်ချက်တွေ အမြင့်ဆုံး ထားကြလို့ပါ။ စာအုပ်လေးဖတ်၊ youtube trading video လေးကြည့်ပြီး နောက်နေ့ပဲ Millionaire ကြီးတွေ ဖြစ်တော့မယ်လို့ အထင်မှားတွေ ထင်နေကြတယ်။ ဘာနဲ့သွားတူလဲဆိုတော့ ရေကူးနည်းစာအုပ်ဖတ်ပြီး ရေထဲ ခုန်ချတာတဲ့ တူနေတယ်။ လွယ်ကူရင် လူတိုင်းအောင်မြင်နေကြမှာပေါ့။ လေ့ကျင့်မှုလည်း လိုပါသေးတယ်။ ကျွန်တော် သူတို့ကို အပြစ်မပြောလိုပါဘူး။ ဘာလို့လဲဆိုရင် ကျွန်တော်လဲ ၂၀၁၄ လောက်တုန်းက အဲ့လိုထင်တဲ့ လူတွေထဲက တစ်ယောက်ဖြစ်ခဲ့လို့ပါ။ ကျွန်တော်သာ forex trading မှာ အောင်မြင်ခဲ့ရင် ဘယ်လိုကားတွေစီးမယ်၊ ဘယ်လိုခရီးတွေသွားမယ် ဆိုပြီး ထင်ခဲ့ဖူးပါတယ်။ ဒါတွေက ဘာလို့လဲဆိုရင် ကျွန်တော်တို့ သုံးနေတဲ့ အွန်လိုင်းမီဒီယာတွေက ချဲ့ကားရေးကြလို့ပါ။ မကြာခဏဆိုသလိုပဲ ကျွန်တော်တို့ Facebook, You Tube ads တွေမှာ တချို့လူတွေက တစ်ညထဲနဲ့ trading အောင်မြင်ဖို့ သူရဲ့ လျှို့ဝှက်တဲ့ နည်းလမ်းတွေ သင်ပေးနိုင်တယ်ဆိုပြီး ပြောကြတာတွေ တွေ့ဖူးကြမှာပါ။

ကျွန်တော့်ကို အထင်မလွဲပါနဲ့။ forex trading လုပ်ပီးတော့ ပိုက်ဆံတွေ အများကြီး ရှာနိုင်ပါတယ်။ Covid နဲ့ နိုင်ငံရေးတွေ ကြားထဲအခြားသမရိုးကျစီးပွါးရေးတွေ ပိတ်လိုက်ရတဲ့ အခြေအနေမှာတောင် Forex Trading ကရတဲ့ Returns ကအားရစရာကောင်းပါတယ်။

*မှတ်ချက် - စီးပွါးရေးတစ်ခုအောင်မြင်သလား၊ မအောင်မြင်ဘူးလားဆိုတာကိုတိုင်းတာတဲ့ metrics တစ်ခုကိုနောက်လာမဲ့ အခန်းမှာဖော်ပြထားပါတယ်။*

ဒီစာအုပ်ကို ဖတ်ပြီးရင် ကျွန်တော့်ရဲ့ **Rockstar Trader Facebook page** မှာ တင်ထားတဲ့ **"The reality of forex trading"** video

https://www.facebook.com/rockstartradermm/videos/302671644774631 ကို ကြည့်ဖို့ အကြံ ပြုချင်ပါတယ်။ အဲ့ဒီ video ထဲမှာ "P&L statement" ကတစ်ဆင့် ကျွန်တော့်ရဲ့ trading results ကို ထုတ်ဖော် ပြထားပါတယ်။

Trading မှာ အောင်မြင်ဖို့အတွက်ဆိုရင်၊ ဆိုလိုတာက trading မှာ အမြတ်ရဖို့ဆိုရင် ဈေးကွက်ပေါ်က ကိန်းဂဏန်းအပြောင်းအလဲတွေအပေါ်မှာ trade လုပ်ဖို့ ရိုးရှင်းတဲ့ ဗျူဟာ (strategy) အပြင် သင့်ရဲ့ trading rules တွေ ကနေ သွေဖယ်မသွားစေဖို့ မှန်ကန်တဲ့ Psychology လဲ လိုအပ်ပါတယ်။ ငွေဘယ်လောက် ရအောင်လုပ်ဖို့ဆိုတာက risk management အပေါ်မှာ မှီခိုနေပါတယ်။ ဒါက ရိုးရှင်းတဲ့ သင်္ချာသဘောတရား တစ်ခုပါပဲ။ Risk Management ဘယ်လိုအလုပ်လုပ်လဲ Case Study နဲ့ကြည့်ရအောင်။

**Case Study**



Adam နဲ့ Mike က အခန်းတစ်ခုထဲမှာ တူညီတဲ့ဗျူဟာ (Strategy) ကို သုံးပြီး trading လုပ်ဖို့အတွက် ဆုံးဖြတ်ခဲ့ကြတယ်။ နှစ်ယောက်စလုံးက ဒေါ်လာ တစ်သောင်းစီနဲ့ စခဲ့ကြတယ်။ သို့သော် Adam ရဲ့ risk ကို ၁% လို့ ကြိုတင်သတ်မှတ်ထားပြီး Mike ရဲ့ risk ကို ၃% လို့ ကြိုတင်သတ်မှတ်ထားပါမယ်။ ဆိုလိုတာက သူတို့နှစ်ယောက် trading တစ်ခါလုပ်တိုင်း Adam ရဲ့ risk က ဒေါ်လာ တစ်ရာ (ဒေါ်လာ တစ်သောင်းရဲ့ ၁%) ရှိတာဖြစ်ပြီး Mike ရဲ့ risk က ဒေါ်လာ ၃၀၀ (ဒေါ်လာ တစ်သောင်းရဲ့ ၃%) ဖြစ်တယ်။

နှစ်ယောက်လုံးအတွက် (risk : reward) Ratio က (1 : 1.5) အတူတူပဲ ဖြစ်တယ်ဆိုပါစို့။ ဆိုလိုတာက Adam က trade တစ်ခု ဆုံးရှုံးတိုင်း ဒေါ်လာ ၁၀၀ ရှုံးမယ်၊ trade တစ်ခုနိုင်ရင် ဒေါ်လာ ၁၅၀ ရမှာဖြစ်ပီး Mike အတွက် trade တစ်ခု ရှုံးရင် ဒေါ်လာ ၃၀၀ ရှုံးမှာဖြစ်ပြီး နိုင်ရင် ဒေါ်လာ ၄၅၀ ရမှာ ဖြစ်တယ်။ Mike က Adam ထက် risk ပိုများပါတယ်။

Trade ပေါင်းအခုတစ်ရာ လုပ်ပြီးတဲ့အခါမှာ နှစ်ယောက်လုံး အကြိမ် ၄၀ ရှုံးပြီး အကြိမ် ၆၀ နိုင်ခဲ့ပါတယ်၊ (40 losses and 50 wins) ဘာကြောင့်ဆိုရင် နှစ်ယောက်လုံး အတူတူ trade တယ်၊ market ထဲကို အတူတူဝင်ကြတယ်၊ အတူတူထွက်ကြတယ်။ risk ကလွဲရင် ကျန်တာတွေ အကုန်လုံး အတူတူပဲ။

For Adam, (60 x 1.5R) – (40 x 1R) = 50R
For Mike, (60 x 1.5R) – (40 x 1R) = 50R
R = risk ပမာဏ

နှစ်ဦးလုံးရဲ့ အဖြေက အတူတူပဲ။ ဒါပေမဲ့ Adam ရဲ့ risk က 1% ပဲဟုတ်။
ဒါကြောင့် 50x1% = 50%

Risk 3% ရှိတဲ့ Mike က
50x3% = 150%

Adam က အမြတ် ဒေါ်လာ ၅၀၀၀ ရတဲ့အချိန်မှာ Mike က အမြတ် ဒေါ်လာ ၁၅၀၀၀ ဖြစ်နေမယ်။

ဒီ case study ကို လေ့လာခြင်းအားဖြင့် တိကျတဲ့ risk management ရှိခြင်းကနေ ငွေဘယ်လောက် ရှာနိုင်တယ်ဆိုတဲ့ idea ပေးထားတာ ဖြစ်ပါတယ်။

Risk များများယူနိုင်လေ အမြတ်များများရလေပဲလား။ ဒါဆို Risk ပိုယူရမှာပေါ့၊ အဲလိုလား သင်္ချာသဘောတရားအရ risk ပိုယူရင် return ပိုများမယ် ဆိုတာ ထင်ရှားပါတယ်။ ကဲ ဒါဆို ဘာလို့ risk ပိုမယူလဲ။ risk ပိုများလေ reward ပိုများလေ ဆိုတာကို ကျွန်တော် ထောက်ခံပါတယ်။ ဒါပေမဲ့ ဒါက အစွန်းနှစ်ဖက်ခါးရှည် တစ်ခုလိုပါပဲ။ risk တွေ အရမ်းများတာက အန္တရာယ်ကို ဖြစ်စေတာပဲ။ သင်ဟာ နေ့တိုင်းပုံမှန် trade နေရင်း Risk အများကြီးယူထားတယ်ဆိုရင် Trades ၄ / ၅ / ၆ ခု ရှုံးတာနဲ့ ကိုယ့်ရဲ့ Trading Account ထဲက ငွေတော်တော်များများ ပြောင်သွားနိုင်တယ်။ ဒီလို Trades တွေ ၄ /၅ / ၆ ခုနဲ့ အထက်ရှုံးတာကို “Losing Streak” လို့ခေါ်တယ်။ Losing Streak ဟာသင့်မှာမှ မဟုတ်ဘူး၊ အတော်ဆုံး Traders တွေမှာလည်း ရှိတယ်။

***Losing streak*** ဆိုတာက ***trading*** မှာ ဆက်တိုက်အရှုံးတွေ ဖြစ်ပေါ်တာကို ပြောတာပါ၊ (***5 losing streaks, 6 losing streaks*** စသည်ဖြင့်) ။

**အမှန်တရား– ကမ္ဘာပေါ်က အကောင်းဆုံး trader တွေမှာတောင် losing streak တွေ ရှိကြပါတယ်။**

သင့်ရဲ့ risk က 10% ရှိပြီး သင့်ရဲ့ အကောင့်ထဲမှာ $10,000 ရှိတယ်ဆိုရင် ၅ ကြိမ်ရှုံးတာနဲ့ Trading Account က $5000 ထိ ကျသွားမှာ ဖြစ်တယ်။ အကောင့်ထဲမှာ မူလအတိုင်း $10,000 ပြန်ရဖို့ဆိုရင် 100% Return on Investment ရမှဖြစ်တော့မယ်။ ဒါဟာ Risk အများကြီးယူတဲ့အတွက် ဖြစ်ပေါ်လာတာပဲ။ trading အကောင့်ထဲမှာ လက်ကျန်ငွေ နည်းနည်းပဲ ကျန်တော့တာနဲ့ လူတော်တော်များများက စိတ်ပျက်တတ် ကြပါတယ်။ အရမ်းကိုမှ စိတ်ခံစားမှုတွေ ဖြစ်နိုင်ပါတယ်။ ဒီလိုနဲ့ ကိုယ့်စိတ်ကိုယ်မထိန်းနိုင်ကြပဲ မဆင်မခြင် Trade ရင်းနဲ့ပဲ ရှိတဲ့ပိုက်ဆံတွေ ပြောင်သွားကြတာပဲ။ Risk ဆိုတာအရမ်းနည်းရင်ရော အရမ်းများရင်ရော မကောင်းဘူး။ ဒါကြောင့် ကမ္ဘာပေါ်က အကောင်းဆုံး traders တွေက တောင်မှ risk က ၃% ထက် မပိုသင့်ဘူးလို့ အကြံပြုထားကြပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ risk ကို ၂% ပဲ ယူပါတယ်။

# အခန်း (၆)
# လုပ်အားခနှုန်းထား နှင့် ရင်းနှီးမြှုပ်နှံမှုနှုန်းထား
# (Rate of Return vs Return on Investment)

သင်ဟာ company တစ်ခုမှာ တနင်္လာနေ့ကနေ သောကြာနေ့အထိ၊ ၉ – ၅ နာရီ၊ တစ်နေ့ အလုပ်ချိန် ၈ နာရီ လုပ်ရတဲ့ ဝန်ထမ်းတစ်ယောက် ဆိုပါစို့။ တစ်လမှာ စုစုပေါင်း ၁၆၀ နာရီနဲ့ တစ်ပတ်ကို နာရီ ၄၀ပေါ့။ အကယ်၍ သင့်ရဲ့ လစာက တစ်လ ၁၀ သိန်းဆိုရင်

Rate of return = 1,000,000 mmk / 160 hrs = 6,250 mmk per hour

တခြားတစ်ဘက်မှာလဲ စီးပွားရေးလောကထဲမှာ ကိုယ့်လုပ်ငန်းရဲ့ အခြေအနေကို မတူညီနဲ့ ပေတံတွေနဲ့ တိုင်းတာလေ့ရှိ ကြပါတယ်။ အဲ့တာကိုတော့ “return on investment” (ROI ) လို့ ခေါ်ပါတယ်။

ကျွန်တော်ဥပမာတစ်ခု ပေးချင်ပါတယ်။ Adam နဲ့ Bob က forex trader တွေ ဆိုကြပါစို့။ Adam က trading လုပ်ခြင်းကနေ တစ်နှစ်ကို $24,000 ရှာနိုင်တယ်။ Bob က တစ်နှစ်ကို $12,000 လောက်ပဲ ရှာနိုင်တယ်။ ဘယ်သူ့ရဲ့ စီးပွားရေးက ပိုကောင်းတာလ။ လူတော်တော်များများက Adam လို့ပဲ ပြောကြမှာပါ။ ဘာလို့ဆိုရင် သူက Bob ထက် ၂ ဆ ပိုရှာနိုင်တယ်လေ။

**Adam က $120,000 နဲ့ စ trade ပြီးတော့ Bob က $24,000 နဲ့ စ trade တယ် ဆိုပါစို့။**

**Adam ရဲ့ rate of return = $24,000/$240,000 x 100% = 10%**

**Bob ရဲ့ rate of return = $12,000/$24,000 x 100% = 50%**

တနည်းအားဖြင့် $100 ရင်းနှီးမြှုပ်နှံတိုင်းမှာ Adam က $10 မြတ်မှာဖြစ်ပြီး Bob ကတော့ $50 မြတ်မှာ ဖြစ်ပါတယ်။

**Rate of Return = (net profit / Total investment) x 100 %**

**အမြတ်ငွေနှုန်းထား = ( အသားတင်အမြတ်ငွေ / စုစုပေါင်း ရင်းနှီးမြှုပ်နှံတဲ့ငွေ) x 100%**

နောက်ဆိုရင် ကျွန်တော်တို့ဟာ forex trader တစ်ယောက် ဘယ်လောက် အောင်မြင်လဲ သိချင်ရင် သူ့ရဲ့ “return on investment” ကိုလဲ သိဖို့လိုအပ်ပါတယ်။

ဒါဆိုရင်တော့ forex trading business ရဲ့ လုပ်ငန်း အခြေအနေကို ဘယ်လိုတိုင်းတာတယ်ဆိုတာ သိပြီးလောက်ပါပြီ၊ ကျွန်တော်တို့ စတင်လေ့လာရတော့မယ့် နောက် Chapter တစ်ခုဆီကို သွားလိုက်ကြရအောင်။

# အခန်း (၇)
# ဈေးကွက်ဦးတည်ရာလမ်းကြောင်း ၃မျိုး
## 3 Types of Market Trends

Trader တစ်ယောက်ဖြစ်လာပြီဆိုရင် သင်ဟာ charts တွေကို ကြည့်တဲ့အခါမှာ ဈေးကွက် (market) က ဘယ်လိုပုံစံနဲ့ သွားနေလဲဆိုတာ သိဖို့လိုပါမယ်။ market က သွားနေတဲ့ ပုံစံ ၃မျိုးပဲ ရှိပါတယ်။ တနည်းအားဖြင့် trends ဦးတည်ရာပေါ့။ Uptrend, downtrend နဲ့ sideways ဆိုပြီး Market Trends ၃မျိုး ရှိပါတယ်။

"A trend is your friend" ဆိုပြီးတောင် ပြောကြပါတယ်။ သင်ဟာ trend နဲ့တွဲပြီး နေနေသရွေ့ trade လုပ်တဲ့အခါ အောင်မြင်နိုင်တဲ့နှုန်းက ရှုံးနိုင်တဲ့ နှုန်းထက် အနည်းငယ် ပိုများနေပါလိမ့်မယ်။

ရေစီးကြောင်းလိုပါပဲ။ ရေစီးဆင်းနေတဲ့ လမ်းကြောင်းအတိုင်း ရေကူးမယ်ဆိုရင် ပိုပြီးလွယ်ကူပါတယ်။ ရေစီးဆင်းတဲ့ လမ်းကြောင်းနဲ့ ဆန့်ကျင်ဘက်ကို ကူးခတ်မယ်ဆိုရင်တော့ ပိုပြီးခက်ခဲမှာပါ။

**<u>Uptrend</u>**





Fig (1)

ဈေးကွက်အနေအထားက higher highs and higher lows ဖြစ်ပေါ်နေရင် သူ့ကို Uptrend လို့ ခေါ်ပါတယ်။ ဒါဆိုရင် higher high and higher low ဆိုတာက ဘာလဲ။ Fig (1) မှာ ပြထား တဲ့ chart ကို ကြည့်လိုက်မယ်ဆိုရင် High က candle ရဲ့ ထိပ်ဆုံးဖြစ်ပြီး Low ကတော့ Candle ရဲ့ အောက်ဆုံးဖြစ်ပါတယ်။ Higher High ဆိုတာကတော့ အမဲရောင် candle ထိပ်ဆုံးထက် အပြာရောင် candle ထိပ်ဆုံးက ပိုမြင့်နေတာကို ပြောတာပါ။ အဲ့တာကို higher high လို့ ခေါ်ပါတယ်။ Higher low ဆိုတာကတော့ အပြာရောင် candle အောက်ဆုံးက အမဲရောင် candle အောက်ဆုံးထက် ပိုမြင့်နေတာကို ခေါ်ပါတယ်။ ဒါဆိုရင်တော့ higher high နဲ့ higher low ကို သဘောပေါက်လောက်ပြီ ထင်ပါတယ်။ ဒါက ရိုးရှင်းပါတယ်။

## Downtrend

ဈေးကွက်အနေအထားက lower high နဲ့ lower low ဖြစ်နေတဲ့အခါ သူ့ကို Downtrend လို့ခေါ်ပါတယ်။

ဒါဆိုရင် lower high နဲ့ lower low ဆိုတာက ဘာလဲ။ Fig (2) မှာ ပြထားတဲ့ chart ကို ကြည့်လိုက်မယ်ဆိုရင် အနီရောင် candle ထိပ်ဆုံးက အမဲရောင် candle ထိပ်ဆုံးထက် ပိုနိမ့်နေပြီး အနီရောင် candle အောက်ဆုံးက ပထမ အမဲရောင် candle ရဲ့ အောက်ဆုံးထက် ပို နိမ့်နေတာကို တွေ့ရမှာပါ။ ဒါကို lower high နဲ့ lower low လို့ခေါ်တာပါ။





Fig (2)

ဒါဆိုရင် အဲ့တာတွေ အကုန်လုံးကို chart တစ်ခုထဲ ထည့်လိုက်မယ်ဆိုရင်၊ uptrend နဲ့ downtrend တွေအကုန်လုံးကို fig (3) မှာ တွေ့ရမှာပါ။





Fig (3) – "Japanese Candlestick Charting Techniques" by Steve Nison

## Sideway

ဈေးကွက်က တက်လဲတက်မနေ၊ ကျလဲမကျနေ တဲ့အခါ Sideway trend ဖြစ်လာပါတယ်။ အဲ့တာကို "market consolidation" လို့လည်းခေါ်ပါတယ်။ အဲ့တာက ယေဘုယျအားဖြင့် ခိုင်မာတဲ့ ပံ့ပိုးမှုလိုင်း (strong support) (Fig 4 မှ အနီရောင်မျဉ်း) နှင့် ခိုင်မာတဲ့ ခုခံရေးလိုင်း (strong resistance) ( fig 4 အပြာရောင်လိုင်း) တွေမှာ တွေ့ရတတ်ပါတယ်။




Fig (4)

အဲ့တာကို Chart (Fig 5) ထဲ ထည့်လိုက်မယ်ဆိုရင်၊ "consolidation" က ဘာကို ဆိုလိုတာလဲဆိုတာ တွေ့ရမှာပါ။



Fig (5) – GBPUSD (H1 Chart)

ရေစီးဆင်းမှု ဥပမာလေးကို မှတ်မိကြသေးလား။ Trading မှာလဲ အဲ့နည်းလမ်းနဲ့ အတူတူပဲ အသုံးပြုကြပါတယ်။ ကျွန်တော်တို့ဟာ uptrend မှာ ဝယ်ကြတယ်၊ ဘာလို့ဆိုရင် ဈေးတက်နိုင်နှုန်းက ကျွန်တော်တို့အတွက် အားသာနေလို့ပါ။ တခြားတစ်ဖက်မှာလဲ downtrend မှာ ရောင်းလိုကြတယ် ဘာလို့ဆိုရင် ဈေးနှုန်းကျနိုင်ခြေက ကျွန်တော်တို့ အတွက် အားသာနေလို့ပါ။

အခုဆိုရင် market trend တွေ အကြောင်းလဲ သိပြီးပီဆိုတော့ Fig (5) မှာ ပြထားတဲ့ အစိမ်းရောင်နဲ့ အနီရောင် အချောင်းလေးတွေအကြောင်း လေ့လာကြည့်ရအောင်။ သူတို့ကို ဘာလို့ခေါ်လဲဆိုတော့….

# အခန်း (၈)
# ဖယောင်းတိုင်ချောင်းလေးများ (Candlesticks)

Online မှာ trading လုပ်တော့မယ်ဆိုရင် ဈေးကွက်အခြေနေတွေနဲ့ ဈေးအတက်အကျတွေကို သုံးသပ်တက်ဖို့ လိုပါတယ်။ သုံးသပ်တဲ့နေရာမှာ အတိတ်နဲ့ပစ္စုပ္ပန်ရဲ့ ဈေးအတက်အကျ အပြောင်းအလဲတွေကို အချိန်နဲ့တစ်ပြေးညီ သိရှိဖို့ လိုအပ်ပါတယ်။ ဈေးအတက်အကျ အပြောင်းလဲတွေကို charts တွေနဲ့ ကြည့်ကြတယ်။ charts (၃) မျိုးရှိတယ်။ Line charts, Bar charts, Candlestick charts ဆိုပြီးတော့ပဲ ဖြစ်ပါတယ်။ အတွေ့ကြုံရင့်ကျက်တဲ့ Traders တွေကတော့ ယနေ့မှာဆိုရင် Candlesticks charts တွေကိုပဲ အသုံးများတော့တယ်။ ဘာကြောင့်လဲဆိုတော့ Candlestick charts တွေက အတိတ်နဲ့ပစ္စုပ္ပန် က ဈေးအပြောင်းလဲတွေထဲကမှ သတင်းအချက်လက်တွေကို ပိုပြီးသိရှိနားလည်နိုင်လို့ပဲ ဖြစ်ပါတယ်။ ကျွန်တော် ယုံကြည်ထားတာ တစ်ခုရှိတယ်။ အဲ့ဒါကတော့ ဘယ်သူမှအနာဂတ်ကို ၁၀၀% သေချာမှုနဲ့ တပ်အပ် မပြောနိုင်ဘူး။ ဒါကြောင့် ဘယ်သူမှလည်း အနာဂတ်ဟာ ဈေးကွက်သည် ဘယ်ကိုသွားမယ်ဆိုတာကို ၁၀၀% သေချာမှုနဲ့တပ်အပ် မပြောနိုင်ဘူး။

ငွေကြေးဈေးကွက်မှာ ဈေးတွေစက္ကန့်နဲ့အမျှ အပြောင်းလဲဖြစ်နေတာဟာ သန်းပေါင်းများစွာသော သူတွေ အရောင်းဝယ် လုပ်နေကြလို့ပဲ ဖြစ်ပါတယ်။ ငွေကြေးဈေးကွက် (Forex market) ကြီးကတော့ စိတ်ခံစားမှုမရှိပေမယ့် အဲ့ဈေးကွက်ကြီး ဖြစ်ပေါ်လာအောင် တည်ဆောက်ထားတဲ့ ကျွန်တော်တို့လို အများသူငါကတော့ "လူသား" တွေဖြစ်တဲ့အတွက် စိတ်ခံစားမှုတွေရှိပါတယ်။ ကျွန်တော်တို့မြင်တွေ့နေရတဲ့ Financial Market ဆိုတာ တကယ်ပြောရရင် သန်းပေါင်းများစွာသောသူတွေ အရောင်းအဝယ်ပြုမှုတွေကနေ ဖြစ်ပေါ်လာတဲ့အချိန်နဲ့ တပြေးညီဈေးအတက်အကျ မှတ်တမ်းတွေကို ဇယား (charts) တွေအသွင်ပြောင်းပြီး Computer screen ပေါ်မှာ ကြည့်လို့ရအောင် လုပ်ထားတာပါပဲ။ Candlestick charts ကို အသုံးပြုခြင်းဖြင့် သန်းပေါင်းများစွာသောလူတွေရဲ့ စိတ်ခံစားမှုတွေ၊ ထိုမှတစ်ဆင့်ဖြစ်ပေါ်လာတဲ့ အရောင်းအဝယ် ဈေးအတက်အကျတွေကို သုံးသပ်ပြီး ဈေးကွက်ကြီးတစ်ခုလုံးအနေနဲ့ ဘယ်လိုလုပ်ဆောင်နေလဲ ဆိုတာကို နားလည်အောင်ကြည့်လို့ရပါတယ်။

Online ကနေ Trading လုပ်တော့မယ်ဆိုရင် charts တွေကို analyze လုပ်ဖို့ software download လုပ်ဖို့လိုပါတယ်။ ဒီနေ့ခေတ်မှာ Trading Software တွေအများကြီး ရှိလာပါပြီ။ ကျွန်တော် အကြံပြုမယ်ဆိုရင်တော့ Meta Trade 4 Software ကိုအကြံပြု လိုပါတယ်။ သူ့ကိုအတိုခေါက် "MT4" လို့လည်း ခေါ်ပါတယ်။

MT4 Software မှာအချိန်ဇယား ၉မျိုးရှိပါတယ်။

- M1 (၁မိနစ်အချိန်ဇယား)
- M5 (၅မိနစ်အချိန်ဇယား)
- M30 (၃၀မိနစ်အချိန်ဇယား)
- H1 (၁နာရီအချိန်ဇယား)

- H4 (၄နာရီအချိန်ဇယား)
- D1 (နေ့စဉ်အချိန်ဇယား)
- W1 (အပတ်စဉ်အချိန်ဇယား)
- MN (လစဉ်အချိန်ဇယား) တို့ပဲ ဖြစ်ပါတယ်။

Chart style ကို Candlesticks ရွေးထားမယ်၊ ပြီးတော့ M1 ကို နှိပ်လိုက်မယ်ဆိုရင် ဇယားကွက်ပေါ်မှာ ပေါ်လာမယ့် Candle လေးတစ်ခုချင်းဟာ အချိန်တစ်မိနစ်ကို ကိုယ်စားပြုပါတယ်။ အချိန်တစ်မိနစ် ပြည့်သွားပြီဆိုရင်တော့ အဲ့ဒီ Candle လေးဟာ အဆုံးသတ်သွားပြီး နောက်ထပ် Candle တစ်ခု ဆက်လက် ဖြစ်ပေါ်နေမှာ ဖြစ်ပါတယ်။

H1 ကိုနှိပ်လိုက်မယ်ဆိုရင်လည်း အတူတူပါပဲ။ ဇယားကွက်ပေါ်မှာ ပေါ်လာမယ့် Candle တစ်ခုချင်းဟာ အချိန်တစ်နာရီကို ကိုယ်စားပြုပါတယ်။ အချိန်တစ်နာရီ ပြည့်သွားပြီဆိုရင်တော့ အဲ့ဒီ Candle လေးဟာ အဆုံးသတ်သွားပြီး နောက်ထပ် Candle တစ်ခုဆက်လက် ဖြစ်ပေါ်နေမှာ ဖြစ်ပါတယ်။ ကျန်တဲ့ Time Frame တွေလည်း အတူတူပါပဲ။ MT4 အသုံးပြုပုံနဲ့ ပတ်သတ်ပြီး လက်တွေ့သိလိုတယ်ဆိုရင်လည်း Rockstar Trader Facebook Page မှာ "Metatrader 4 Quick Tutorial" ဆိုပြီး Video (https://fb.watch/b9NbI_Xkms/) ကို လေ့လာလို့ရပါတယ်။

လေ့လာပြီးပြီဆိုရင်တော့ Candlesticks တွေကိုနားလည်အောင် ကြည့်ကြည့်ရအောင် Candle ၃မျိုးရှိပါတယ်။ Bullish Candle , Bearish Candle နဲ့ Doji တို့ပဲ ဖြစ်ပါတယ်။ Bullish Candle ဟာ ဈေးအတက် Candle ဖြစ်ပြီး Bearish Candle ဟာ ဈေးအကျ Candle ဖြစ်ပါတယ်။ Doji ကတော့ Bullish လည်းမဟုတ် Bearish လည်းမဟုတ်တဲ့ Candle ကိုပြောတာ ဖြစ်ပါတယ်။

Emotions → Action → Results

(စိတ်ခံစားမှု) → (အလုပ်) → (ရလဒ်)

အထက်မှာဖော်ပြထားတဲ့ စိတ်ခံစားမှုကနေရလဒ်ရတဲ့ ဖြစ်စဉ်ကိုတော့ ကျွန်တော်ရဲ့ "Rockstar Premium Masterclass" ထဲမှာ အသေးစိတ်ရှင်းပြ ထားပါတယ်။ ဒီမှာတော့ ဈေးကွက်ထဲမှာ ဈေးအတက်အကျ ဖြစ်ပေါ်စေတဲ့ Emotion (၂) မျိုးကို လေ့လာကြည့်ရအောင်။ သူတို့ကတော့ Greed (လောဘ) နဲ့ Fear (ကြောက်ရွံ့မှု) တို့ပဲ ဖြစ်ပါတယ်။

ဈေးကွက်ကြီးလောဘကြီးနေပြီဆိုတာ တစ်ကယ်တမ်းတော့ ဒီဈေးကွက်ထဲမှာ အရောင်းအဝယ် ပြုလုပ်နေတဲ့ သန်းပေါင်းများစွာသောသူတွေ အနာဂတ်ကို အကောင်းမြင်နေကြတာပါ။ အနာဂတ်ကို သူတို့ ယုံကြည်မှုပြင်းပြ နေကြတယ်။ ဒီလိုဆိုရင် ဝယ်သူတွေက ရောင်းသူတွေထက် ပိုနိုင်တဲ့ဖြစ်နိုင်ခြေပို များတယ်။ ဒီနေရာမှာ ကျွန်တော်သုံးတဲ့စကားလုံးအသုံးအနှုန်းသည် အရေးကြီးပါတယ်နော်။ "ဖြစ်နိုင်ခြေပိုများတယ်" လို့ပြောခဲ့တယ်။ ဒါပေမယ့် ဝယ်သူတွေဟာ ရောင်းသူတွေထက် ပိုများသွားပြီဆိုရင်တော့ ဈေးတက်လာတာ သေချာပါတယ်။ ဘာကြောင့်လဲဆို **DEMAND > SUPPLY**

လောဘကြီး → ဝယ် → ဈေးတက်

(အနာဂတ်ကိုယုံကြည်မှုပြင်းပြ)

ဒါကိုတော့ Bull Market လို့ခေါ်တယ်။

**မှတ်ချက်။ ။ တချို့စကားလုံးတွေက မြန်မာလိုတိုက်ရိုက်ဘာသာ*ပြန်*ရင် *နား*ထောင်လို့ မကောင်းသလို နားလည်ရလည်း မလွယ်ပါဘူး။**


**ဥပမာ *Bull* ဆိုတာကျွဲ၊ ကျွဲဈေးကွက်လို့ ဘာသာမပြန်ပဲ *Bull Market* လို့သာ မှတ်သားစေချင် ပါတယ်။**

ဈေးကွက်က ကြောက်ရွံ့နေတယ်ဆိုတာ တစ်ကယ်တမ်းတော့ ဒီဈေးကွက်ထဲမှာ အရောင်းအဝယ် ပြုလုပ်နေတဲ့ သန်းပေါင်းများစွာသောသူတွေ သေချာရေရာမှုမရှိတဲ့အနာဂတ်ကို မြင်နေရလို့ပါ ။ အနာဂတ်ကို သူတို့ယုံကြည်မှု မရှိဘူး။ ဒီလိုဆိုရင် ရောင်းသူတွေဟာ ဝယ်သူတွေထက် ပိုနိုင်တဲ့ ဖြစ်နိုင်ခြေ ပိုများတယ်။ ဒါပေမယ့် ရောင်းသူတွေဟာ ဝယ်သူတွေထက်ပိုများသွားပြီဆိုရင်တော့ ဈေးဟာကျလာမှာ ဖြစ်တယ်။ ဘာကြောင့်လဲဆို SUPPLY > DEMAND

ကြောက်ရွံ့ → ရောင်း → ဈေးကျ

အနာဂတ်ကိုယုံကြည်မှုမရှိ

**Bullish Candle**




Fig(a) – Bullish Candle

Candle ရဲ့ အပိတ်ဈေးသည် အဖွင့်ဈေးထက် ပိုပြီးမြင့်နေတယ် (သို့) Candle ဟာ အောက်မှာ ဈေးဖွင့်ပြီး အပေါ်မှာ ဈေးပိတ်ခဲ့တယ်ဆို ဒါကို Bullish Candle လို့ ခေါ်ပါတယ်။ Fig (a) မှာကြည့်ပါ။ အဖွင့်ဈေးနဲ့ အပိတ်ဈေး ကြားက Candle ရဲ့ ခန္ဓာကိုယ်ကို “Body of the candle” လို့ ခေါ်ပါတယ်။ Candle

Body ရဲ့ပြင်ပမှာ ရှိနေတဲ့ အချောင်းလေး ၂ချောင်းကတော့ "Shadow" တွေဖြစ်ပါတယ်။ အပေါ်ကအချောင်းကို upper shadow လို့ခေါ်ပြီးတော့ အောက်ကအချောင်းကိုတော့ Lower shadow လို့ ခေါ်ပါတယ်။

**Bearish Candle**

Candle ရဲ့ အပိတ်ဈေးသည် အဖွင့်ဈေးထက် ပိုပြီးနိမ့်နေတယ် (သို့) Candle ဟာ အပေါ်မှာဈေးဖွင့်ပြီး အောက်မှာ ဈေးပိတ်ခဲ့တယ်ဆို ဒါကို Bearish Candle လို့ခေါ်ပါတယ်။ Fig (b) မှာ ကြည့်ပါ။ အဖွင့်ဈေးနဲ့ အပိတ်ဈေး ကြားက Candle ရဲ့ခန္ဓာကိုယ်ကို "Body of the candle" လို့ ခေါ်ပါတယ်။ Candle Body ရဲ့ ပြင်ပမှာ ရှိနေတဲ့ အချောင်းလေး ၂ချောင်းကတော့ "Shadow" တွေ ဖြစ်ပါတယ်။ အပေါ်ကအချောင်းကို upper shadow လို့ခေါ်ပြီးတော့ အောက်ကအချောင်းကိုတော့ Lower shadow လို့ခေါ်ပါတယ်။




Fig (b)

**Doji**



Fig ©

အဖွင့်ဈေးနဲ့ အပိတ်ဈေးသည် အရမ်းနီးကပ် (သို့) တစ်ထပ်ထဲနီးပါး ကျနေပြီး Body လုံးဝမရှိဘူးဆိုရင် သူ့ကို Doji လို့ ပြောလို့ ရပါတယ်။ Doji တွေ ဘယ်အချိန်မှာ ဖြစ်ပေါ်လာသလဲဆိုရင် Market ထဲမှာ ရောင်းသူဝယ်သူ အားပြိုင်ရာမှာ ဘယ်ဘက်ကမှ အားသာမှုမရှိခဲ့ (တစ်နည်းအားဖြင့်) ဝေခွဲမရမှုများ ဖြစ်ပေါ်နေရင် အဖွင့်ဈေး (opening price) နဲ့ အပိတ်ဈေး (closing price) သည် တစ်ထပ်တည်း နီးပါးကျနေပြီး Doji ဖြစ်ပေါ်လာပါတယ်။

ဒါဆို ဒီ Candle sticks တွေဟာ ဈေးကွက်ကို သုံးသပ်တဲ့နေရာမှာ ဘာကြောင့်အသုံးဝင်တာလဲ။ ဒီစာအုပ်ထဲမှာတော့ အသုံးဝင်ဆုံး Candlesticks တွေထဲက ၂ မျိုးကို မျှဝေပေးလိုက်ပါတယ်။ သူတို့တွေကတော့ Hammer နဲ့ Grave stone တို့ပဲဖြစ်ပါတယ်။

## Hammer





Fig (d)

Fig (d) မှာ မြင်တွေ့နေတဲ့ပုံစံမျိုး Candle ကို Hammer လို့ခေါ်ပါတယ်။ ပထမတစ်ချက်အနေနဲ့ သူ့မှာ lower shadow အရှည်ကြီး ရှိပါတယ်။ upper shadow သည် မရှိချင်လည်းမရှိဘူး ရှိရင်လဲ တိုတိုလေးပဲ ရှိပါမယ်။ ဒုတိယအချက်အနေနဲ့ အဖွင့်ဈေးနဲ့ အပိတ်ဈေးသည် တစ်ခုနဲ့တစ်ခုကို အရမ်းနီးကပ်နေပါတယ်။

ဒီ Candle က ဘာကိုပြောနေလဲဆိုရင် သတ်မှတ်ထားတဲ့ အချိန်ဇယားအတွင်းမှာ ရောင်းသူတွေ အလုံးရင်း ဝင်လာခဲ့ပြီး ဈေးဟာ သိသိသာသာ ကျဆင်းခဲ့တယ်။ ဒါပေမယ့် ဈေးအချိန်နေတစ်ခုကို ရောက်တဲ့အချိန်မှာတော့ စောင့်ဆိုင်းနေတဲ့ဝယ်သူတွေအားလုံး အရင်ဈေးကွက်ထဲ ပြန်ဝင်လာပြီး ဈေးကို ပြန်လည်တွန်းတင်ခဲ့တယ်။ ဒီပွဲမှာ ဘယ်သူနိုင်ခဲ့ဆိုတာကို ဆုံးဖြတ်ဖို့အဲ့ဒီ Candle ပိတ်တဲ့ဈေး (Closing price) သည် အရေးကြီးပါတယ်။ အကယ်၍ အဖွင့်ဈေးထက်ပိုပြီး အပေါ်မှာပိတ်ခဲ့တယ်ဆိုရင် ဝယ်သူတွေနိုင်ခဲ့တယ်လို့ ပြောလို့ရပါတယ်။ အဲ့ဒီမှာ Hammer ဆိုတဲ့ Candle လေးဖြစ်ပေါ် လာပါတယ်။



Fig (e)

အကယ်၍ Downtrend အဆုံးမှာ Hammer Candle လေးပေါ်တယ်ဆိုရင် ဈေးကွက်သည် Direction ပြောင်းလဲနိုင်ခြေ များပါတယ်။ Fig (e) မှာ ကြည့်ကြည့်ပါ။ Downtrend အဆုံးမှာ Hammer Candle လေး ပေါ်လာပြီးတဲ့နောက် ဝယ်သူတွေ အလုံးအရင်းဝင်လာပြီး ဈေးကွက်ရဲ့ Direction ကို ပြောင်းပြန်ရွေ့လျားမှု ဖြစ်အောင် ပြုလုပ်နိုင်ခဲ့ပါတယ်။

**Gravestone**





**Fig (f)**

Fig (f) မှာ မြင်တွေ့နေတဲ့ပုံစံမျိုး Candle ကို Gravestone လို့ခေါ်ပါတယ်။ ပထမတစ်ချက်အနေနဲ့ သူ့မှာ upper shadow အရှည်ကြီး ရှိပါတယ်။ lower shadow သည် မရှိချင်လည်း မရှိဘူး ရှိရင်လဲ တိုတိုလေးပဲ ရှိပါမယ်။ ဒုတိယအချက်အနေနဲ့ အဖွင့်ဈေးနဲ့ အပိတ်ဈေးသည် တစ်ခုနဲ့တစ်ခုကို အရမ်းနီးကပ်နေပါတယ်။

ဒီ Candle က ဘာကိုပြောနေလဲဆိုရင် သတ်မှတ်ထားတဲ့အချိန်ဇယားအတွင်းမှာဝယ်သူတွေ အလုံးရင်းဝင်လာခဲ့ပြီး ဈေးဟာ သိသိသာသာ တက်ခဲ့တယ်။ ဒါပေမယ့် ဈေးအချိန်နေတစ်ခုကို ရောက်တဲ့အချိန်မှာတော့ စောင့်ဆိုင်းနေတဲ့ရောင်းသူတွေ အလုံးအရင်းနဲ့ ဈေးကွက်ထဲပြန်ဝင်လာပြီး ဈေးကို ပြန်လည်တွန်းချခဲ့တယ်။ ဒီပွဲမှာ ဘယ်သူနိုင်ခဲ့ဆိုတာကို ဆုံးဖြတ်ဖို့အဲ့ဒီ Candle ပိတ်တဲ့ဈေး (Closing price)

သည် အရေးကြီးပါတယ်။ အကယ်၍ အဖွင့်ဈေးရဲ့ အောက်မှာ ပိတ်ခဲ့တယ်ဆိုရင် ရောင်းသူတွေ နိုင်ခဲ့တယ်လို့ ပြောလို့ရပါတယ်။ အဲ့ဒီမှာ Gravestone ဆိုတဲ့ Candle လေး ဖြစ်ပေါ်လာပါတယ်။



Fig (g)

အကယ်၍ Uptrend အဆုံးမှာ Gravestone ပေါ်တယ်ဆိုရင် ဈေးကွက်သည် Direction ပြောင်းလဲနိုင်ခြေ များပါတယ်။ Fig (g) မှာ ကြည့်ကြည့်ပါ။ Uptrend အဆုံးမှာ Gravestone လေးပေါ်လာပြီးတဲ့နောက် ရောင်းသူတွေ အလုံးအရင်းဝင်လာပြီး ဈေးကွက်ရဲ့ Direction ကို ပြောင်းပြန်ရွေ့လျားမှု ဖြစ်အောင် ပြုလုပ်နိုင်ခဲ့ပါတယ်။

# အခန်း (၉)

# ပံ့ပိုးမှုလိုင်း နှင့် ခုခံမှုလိုင်း

# Support & Resistance

**မှတ်ချက်။ ။ ကျွန်တော် Forex trading business ကို စပြီးလေ့လာခဲ့တုန်းက English လိုစာအုပ်တွေ၊ Online သင်ခန်းစာတွေ၊ Internet ကနေပြီး Research လုပ်ပြီးလေ့လာခဲ့တာ။ ဒီစာအုပ်ကိုလဲ အစက အင်္ဂလိပ်လိုပဲရေးခဲ့တာ၊ နောက်ပိုင်းစာဖတ်သူတွေက မြန်မာလို မရှိဘူးလားဆိုပြီး မေးလွန်းလို့သာ မြန်မာလိုနောက်တခေါက် ပြန်ရေးပေးခဲ့တာပါ။ ဘာကြောင့်လဲဆိုတော့ တချို့ စကားလုံးတွေက မြန်မာလိုတိုက်ရိုက်ဘာသာပြန်လိုက်ရင် အဓိပ္ပါယ် လုံးဝလွဲနေလို့ပဲ ဖြစ်တယ်။ Chapter အကုန်လုံး ကြိုးစားပြီး ဘာသာပြန်ခဲ့ပေမယ့် ဒီ Chapter-9 ကတော့ အင်္ဂလိပ်လိုဖတ်တာ ပိုပြီး အဓိပ္ပါယ် တိကျမယ်၊ နားလည်နိုင်မယ် ထင်လို့ သူ့ကိုတော့ ပထမဦးဆုံး စာအုပ်စရေးခဲ့တုန်းက အတိုင်းပဲ တင်ဆက်ပေးလိုက်ပါတယ်။**

Life is a game. It can be exciting and fun if you manage to study the rules, understand the principles, apply what you know and always thrive to be at the top of the game. At the same time, it can also be boring and dull if you're just surviving and playing not to lose. However, whether you like it or not, whether you want it or not, we are all in the game of life the moment we were born.

The game of trading the financial market also have its certain rules which if you follow, you will win in the long run. A market is made up of buyers and seller. In trading terms, we call them bulls and bears. Every day in the market, bulls are trying to push the price up while the bears are trying to pull the price down. What makes the market move is SUPPLY AND DEMAND. When there are more buyers than sellers in a day, demand is more than supply; then the market will trend up. When there are more sellers than buyers in a day, supply is more than demand; then the market will trend down.

Remember, a transaction can only take place when there is a buyer and a seller. In forex, we have the bulls who are buying and the bears who are selling. Bulls think the price will go up so they buy. Bears think the price will go down so they sell. However, their main goal is the same – TO MAKE PROFITS!

We also have to take note that these bulls and bears are just implied words of buyers and sellers. They are all humans. Humans are driven by emotions. Due to that, we all have mental limitations that we consciously or subconsciously create in our perceptions. As a result, when bulls are trying to drive the price up strongly, there will always be a mentally perceived price where both bulls and bears consciously or subconsciously think ENOUGH! When that price is hit, there will be bears waiting at that price to push it down. In that case, since sellers' power is more than the buyers', the price will move down. This mental ceiling is called resistance.

Likewise, when bears are trying to push the price down strongly, there will always be a mentally perceived price where both bulls and bears consciously or subconsciously think ENOUGH! When that price is reached, there will be bulls waiting at that price to pull it back up. In that case,

since buyers' power is more than the sellers', the price will move up. This mental ground is called support.





Fig – 9a

Take a look at Fig – 9a. The black horizontal line represents a strong resistance tested 3 times namely resistance 1, resistance 2, and resistance 3. One thing to take note is that once the resistance is penetrated, it can become a new support. In the same figure, you can see that it serves as a new support after the price comes back down to that level.

Support and Resistance should not always be horizontal lines. They can also be noticed at moving averages. See Fig – 9b. The green line is a 20 exponential moving average (EMA). Whenever the price moves up, and hits the 20 EMA, the price is pushed down.

Fig – 9b






Fig – 9c showing a strong horizontal support line





Fig – 9d shows that one of the Moving Averages serves as the support

# အခန်း (၁၀)

# ရွေ့လျားနေသောပျမ်းမျှများ

# Moving Averages

Moving Averages ကို မြန်မာလိုတိုက်ရိုက်ဘာသာပြန်လျှင် “ရွေ့လျားနေသောပျမ်းမျှများ” လို့ ပြန်ရပါလိမ့်မယ်။ ပျမ်းမျှခြင်းကို ရှာချင်ရင် စုစုပေါင်းကိုတည်ပြီး အရေအတွက်နဲ့ စားရတယ်လို့ သင်္ချာမှာ သင်ခဲ့ဖူးတဲ့အတိုင်းပဲ ဒီမှာလည်း အတူတူပါပဲ။

ဥပမာ(1) ။ 5 Moving Average ဆိုတာ ဘာကိုပြောတာလဲဆိုရင် “Time Frame” တစ်ခုမှာ (Daily Timeframe ဆိုပါစို့) အဲ့ဒီမှာ ဖြစ်ပေါ်လာခဲ့တဲ့ နောက်ဆုံး Candlestick ၅ ခုရဲ့ closing price တွေကို ပေါင်းပြီးတော့ ၅ နဲ့ စားထားတာပါ။

ဥပမာ(2) ။ 10 Moving Average ဆိုတာ ဘာကိုပြောချင်တာလဲဆိုရင် “Time Frame” တစ်ခုမှာ (Hourly Time frame ဆိုပါစို့) အဲ့ဒီမှာ ဖြစ်ပေါ်ခဲ့တဲ့ နောက်ဆုံး Candlestick ၁၀ ခုရဲ့ closing price တွေကို ပေါင်းပြီး ၁၀ နဲ့ စားထားတာပါ။

**မှတ်ချက် ။ ။ နောက်ပိုင်းမှာတော့ *Simple MA, Exponential MA, apply to closing price, apply to opening price* စတဲ့ *technical analysis* ပေါင်းများစွာထွက်ပေါ်လာပါပြီ။ ကျွန်တော့်ရဲ့ခံယူချက်နဲ့အတွေးအခေါ်ကတော့ *Indicator* တစ်ခု ဘယ်ကနေဖြစ်ပေါ်လာတယ်ဆိုတာထက် ဒီ *Indicator* ကို *“High Probability Entry Rules”* တစ်ခုနဲ့ ထိရောက်မှုရှိအောင် ဘယ်လိုသုံးမလဲက ပိုအရေးကြီးပါတယ်။**

ဒီနေ့ နည်းပညာခေတ်ကြီးထဲမှာ Moving Average လိုချင်လို့လည်းတွက်စရာ မလိုတော့ပါဘူး။ MetsTrader 4 Software မှာ Indicator list ထဲမှာ Moving Average ကို သွားပြီး 5 လို့ ရိုက်ထည့်လိုက်ရင် 5MA line ဟာ Chart ပေါ်လာမှာဖြစ်ပြီး 10 လို့ ရိုက်လိုက်မယ်ဆိုရင် 10MA line ဟာ Chast ပေါ်မှာ ပေါ်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် Forex Trading လုပ်တဲ့နေရာမှာ moving averages တွေကို သုံးပါတယ်။ ကျွန်တော်သုံးတဲ့ MA တွေက 20EMA, 40EMA နဲ့50EMA (၃) မျိုးပဲ ဖြစ်ပါတယ်။ သူတို့ကို ဘယ်လိုနေရာတွေမှာ သုံးလဲဆိုရင် trend direction သတ်မှတ်တဲ့အခါမှာ သုံးပါတယ်။

20EMA က 40EMA ရဲ့အပေါ်မှာရှိတယ်။ 40EMA က 50EMA ရဲ့အပေါ်မှာရှိမယ်ဆိုရင် ဒါကိုကျွန်တော် Uptrend လို့သတ်မှတ်တယ်။ Uptrend မှာဝယ်လိုအားဟာရောင်းလိုအားထက်ပိုများနေမယ်။ ဈေးတွေတက်နေမယ်။

20EMA က 40EMA ရဲ့အောက်မှာရှိနမယ်။ 40EMA က 50EMA ရဲ့အောက်မှာ ရှိနေမယ်ဆိုရင် ဒါကိုကျွန်တော် Downtrend လို့သတ်မှတ်တယ်။ Downtrend မှာ ရောင်းလိုအားက ဝယ်လိုအားထက် ပိုများနေမယ်။ ဈေးတွေကျနေတယ်။



အထက်ဖော်ပြပါပုံမှာကြည့်မယ်ဆိုရင် အစိမ်းရောင်လိုင်းလေးက 20EMA၊ အပြာရောင်လိုင်းလေးက 40EMA၊ အမဲရောင်ကတော့ 50EMA။ မြှားပြထားတဲ့နေရာလေးမှာ 20EMA ဟာ 40EMA ရဲ့အပေါ်ကိုဖောက်ထွက်သွားပြီး သူတို့ Moving average(၃)ခုဟာအစဉ်လိုက်လေးဖြစ်သွားတာနဲ့ Market ဟာ Uptrend အတိုင်းဈေးတတ်သွားပါတယ်။

Moving Averages တွေက အရမ်းအသုံးဝင်တယ်နော်။ ဒါတွေကို ကိုယ်တကယ်သုံးတတ်မယ်ဆိုရင် Real Live Trading လုပ်မယ်ဆိုရင် အရမ်းအသုံးဝင်တယ်။ နောက်တစ်မျိုးကြည့်ကြည့်ရအောင်…



အထက်ဖော်ပြပါပုံမှာ ကြည့်မယ်ဆိုရင် Green line က20EMA, Blue line= 40EMA, Red line= 50EMA. မြှားပြထားတဲ့နေရာနားမှာ 20EMA က 40EMA ရဲ့အောက်ကို ဖောက်ထွက်သွားတယ်။ 40EMA က 50EMA ရဲ့ အောက်ကို ဖောက်ထွက်သွားခဲ့တယ်။ အဲ့ဒီမှာMA (၃) ခုဟာ အစဉ်လိုက်လေး ဖြစ်သွားတာနဲ့ Market ဟာ Downtrend အတိုင်း ဈေးကျသွားပါတယ်။

အရောင်းအဝယ်လုပ်တော့မယ်ဆိုရင် 20EMA က 40EMA ရဲ့အပေါ် 40EMA က 50EMA ရဲ့အပေါ်မှာ ရှိနေတယ်ဆိုရင် Market က Uptrend ဖြစ်တဲ့အတွက် ဈေးတတ်နိုင်ခြေ ပိုများပါတယ်။ ဝယ်ချင်လည်းဝယ်ပေ့ါ။ ဒါပေမယ့် ဘယ်အချိန်မှာ ပြန်ထွက်သင့်လဲဆိုရင် Moving Average (၃) ခုထဲက တစ်ခုခုက နောက်တစ်ခုကို Cross over လုပ်သွားပြီဆိုရင်တော့ ဒါ Uptrend တစ်ခုပြီးဆုံးသွားပြီဆိုပြီး သုံးသပ်နိုင်တာပေ့ါ။

တစ်ဖက်မှာလည်း 20EMA က 40EMA အောက် 40EMA က 50EMA ရဲ့ အောက်မှာ ရှိနေမယ်ဆိုရင် Market ဟာ Downtrend ဖြစ်တဲ့အတွက် ဈေးကျနိုင်ခြေ ပိုများပါတယ်။ ရောင်းရင်လည်း ရောင်းပေ့ါ။ ဒါပေမယ့် ဘယ်အချိန်မှာ ထွက်သင့်လဲဆိုရင် MA (၃) ခုထဲက တစ်ခုခုက နောက်တစ်ခုကို Crossover လုပ်သွားပြီဆိုရင်တော့ ဒါ Downtrend တစ်ခု ပြီးဆုံးသွားပြီလို့ သုံးသပ်ရပါတယ်။

ဒီစာအုပ်ထဲမှာ မျှဝေသွားတဲ့အချက်အလက်တွေ တော်တော်များများက တကယ့်လက်တွေ့မှ Real Live Trading မှာ အရမ်းအသုံးဝင်ပါတယ်။ ဒီနေရာမှာ ကျွန်တော်အချက် (၂) ချက် ထောက်ပြချင်ပါတယ်။

(၁) Indicators တွေဟာ ဈေးအတက်အကျကို ဖြစ်စေတာ မဟုတ်ပါဘူး။ ဈေးအတက်အကျ ပေါ်လိုက်ပြီး Indicator တွေက ပြသနေတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် ဈေးအတက်အကျ (Price Action) က အရင်ဖြစ်ပေါ်တာ၊ (Price Action) ကို မူတည်ပြီးမှ Indicator က ဖြစ်ပေါ်တာ။ ဒါကြောင့် ဘယ် Indicator ကမှ အနာဂတ် Price Action ကို ၁၀၀% တိကျမှုနဲ့ ခန့်မှန်းနိုင်ခြင်း မရှိပါဘူး။

(၂) ကျွန်တော်က “Financial advisor” ငွေကြေးအရ အကြံပေးသူ မဟုတ်ပါဘူး။ တရားဝင် ငွေအကြံပေးလိုင်စင်လည်း မရှိပါဘူး။ ဒါကြောင့် ဒီစာအုပ်ထဲမှာ ဝေမျှသွားခဲ့တဲ့အချက်အလက်တွေက မိမိရဲ့ အသိပညာနဲ့ အတွေ့အကြုံကို အခြေခံပြီး တင်ပြထားတာ ဖြစ်ပါတယ်။ “အကုန်လုံးမှန်ကန်တယ်၊ ငါလုပ်တဲ့ နည်းသာအမှန်ဖြစ်တယ်” လို့ ကျွန်တော်မဆိုလိုပါဘူး။ ကောင်းတာရှိရင် ယူလို့ရသလို မကြိုက်တာရှိရင်လည်း ပယ်လို့ရပါတယ်။

အထက်မှာပြောခဲ့တဲ့အတိုင်း ကျွန်တော် moving average တွေကို အသုံးပြုတယ်။ ဒါပေမယ့် Trade တစ်ခုဝင်ဖို့ အတွက်တော့ မသုံးပါဘူး။ Trend Direction ကို လေ့လာသုံးသပ်တဲ့နေရာမှာပဲ သုံးတာပါ။ အဲ့တော့ Trade တစ်ခုကိုဝင်ဖို့ ဘာတွေသုံးလဲပေ့ါ။ Online Trading မှာ အောင်မြင်ဖို့ Trading System ရှိဖို့ လိုအပ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် အသုံးပြုနေတဲ့ Trading System ကတော့ Moving Averages, Divergence Pattern, Candlestick Pattern စတဲ့ pattern (၃) မျိုးပေါ်မူတည်ပြီး တည်ဆောက်ထားတာပါ။

အောင်မြင်တဲ့ Forex Trader တစ်ယောက်ဖြစ်ဖို့ trading Strategy, Risk Management, Psychology ဒီ (၃) မျိုးပြည့်စုံနေဖို့ လိုအပ်ပါတယ်။ ဒီ (၃) မျိုးလုံးကိုပေါင်းပြီး “Rockster Premium Master Class” ဆိုပြီး Online Class တည်ဆောက်ထားတာလည်း ဖြစ်ပါတယ်။ ဒီ Online Class ကနေ လေ့လာသင်ယူပြီး Professional forex trader တစ်ယောက်ဖြစ်နိုင်ဖို့အတွက်ဆိုရင်တော့ နောက်အခန်းမှာ ကျွန်တော့်ရဲ့ “Personal Invitation” ကို ဖတ်ရှုလိုက်ပါ။

# အခန်း (၁၁)
# ကျွန်တော့်ရဲ့သီးခြား ဖိတ်ခေါ်မှု

ဒီအခန်းက ဒီစာအုပ်ရဲ့ နောက်ဆုံးအခန်း ဖြစ်ပါတယ်။ Forex နဲ့ ပတ်သက်လို့ သင်ခန်းစာတွေ အများကြီး ရလိမ့်မယ်လို့ လည်းမျှော်လင့်မိပါတယ်။ လေ့လာတွေရှိချက်အရ စာဖတ်သူတွေထဲက ၆၃% သောသူတွေဟာ စာအုပ်ကို ပြီးအောင်မဖတ်ကြဘူးတဲ့။ အချိန်တွေနှမြောစရာဗျာ။ ကျွန်တော် ပထမဆုံးအခန်းတွေမှာ ပြောခဲ့ပါတယ်။ ကျွန်တော့်အချိန်ကို ကျွန်တော်လေးစားသလို စာဖတ်သူတို့ရဲ့ အချိန်ကိုလည်း ကျွန်တော်လေးစားတယ်။ ဒါကြောင့်လည်း ဒီစာအုပ်ကို အတိုဆုံးနဲ့ သတင်းအချက်အလက် အပြည့်စုံဆုံးဖြစ်အောင် အတတ်နိုင်ဆုံးရေးခဲ့တယ်။

ဒါပေမယ့် “Forex trading” စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ အသိပညာ၊ ဗဟုသုတတွေဟာ ဒီစာအုပ်အတိုင်းအတာထက် များစွာကျော်လွန်ပါတယ်။ “မိုင်ပေါင်းတစ်ထောင်နဲ့ အစဟာပထမခြေလှမ်းပဲ” ဆိုတဲ့ဆိုရိုးစကားလည်း ကြားဖူးမှာပါ။ ဒီစာအုပ်ဟာ သင့်အတွက် ပထမခြေလှမ်း ဖြစ်ခဲ့တယ်ဆို ဝမ်းသာပါတယ်။


ဒီပထမခြေလှမ်းမှာတင် ကျွန်တော် ၃ / ၄ လလောက် လေ့လာခဲ့ရတာတွေကို သင်က၂နာရီလောက်နဲ့ အကုန်သိရှိနားလည်သွားပြီ။ တစ်နည်းအားဖြင့် ၃ /၄ လလောက် သက်သာသွားပြီ။ အခုဒီ၂နာရီအတွင်းမှာ ရရှိခဲ့တဲ့သင်ခန်းစာတွေက သင့်ကိုယ်ပိုင်ပဲဖြစ်ပါတယ်။ ဘာကြောင့် ကျွန်တော် ဒီစကားပြောရလဲဆို စဉ်းစားကြည့်ပါ။

ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တယ်။ အဲ့ဒီအလုပ်ကို သင်မပိုင်ဘူးနော်။ ဘာကြောင့်လဲဆို တစ်ချိန်မှာ “နိုင်ငံရေး၊ စီးပွားရေးမကောင်းလို့ လူလျှော့တဲ့ထဲ မင်းပါသွားတယ်၊ စိတ်မကောင်းပါဘူး” ဆိုရင် သင်က ဘာပြန်ပြောနိုင်မလဲ၊ သူတို့ကြိုက်တဲ့အချိန် ကိုယ့်ဆီကနေယူသွားလို့ရတယ်။ ကိုယ်မှမပိုင်ပဲကိုး…

ForexTrading ဟာ စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်တယ်။ ဒီစီးပွားရေးလုပ်ငန်းကို စတင်ဖို့အရင်းအမြစ် (၂) ခု ပဲလိုအပ်တယ်။ Laptop & Wifi ကျန်တာကတော့ ကိုယ်ကိုတိုင်နဲ့ ပဲဆိုင်တယ်။ Online Trading ပညာရပ်ကို လိမ္မာပါးနပ်စွာ ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်တတ်မယ်ဆို ဒီပညာရပ်ကိုပိုင်ဆိုင်ပြီးသွားရင် ဘယ်သူမှ ကိုယ့်ဆီက လုယူလို့မရဘူး။ ဘာကြောင့်လဲဆို ဒါကိုယ့်ကိုယ်ပိုင်ဖြစ်နေလို့ပဲ။

ကျွန်တော် ၂၀၁၄ မှာ Forex Trading ကို စလေ့လာခဲ့တယ်။ ၂၀၁၆ နောက်ပိုင်းမှာတော့ ပုံမှန်ဝင်ငွေရအောင် လုပ်နိုင်ခဲ့တယ်။ ၂၀၂၁ နောက်ပိုင်းမှာတော့ online trading နဲ့ ပတ်သတ်လို့ ကျွန်တော်ကိုယ်တိုင် လက်ရှိအသုံးပြုနေတဲ့ 3M– Method, Money, Mind < Strategy, Risk Management, Psychology) ကို online Course တစ်ခုအနေနဲ့ တည်ဆောက်ပြီးသားပြီး Forex Trading ကို စိတ်ဝင်စားတဲ့သူတွေအတွက် ကျွန်တော်ပြန်လည်မျှဝေပေးထားပါတယ်။ ဒီOnline Course “Rockstar Premium Master Class” အကြောင်းအသေးစိတ် သိရှိလိုတယ်ဆိုရင်တော့ [www.rockstartrader.org](http://www.rockstartrader.org)

ကိုသွား “ Get Rockstar Premium Master Class” ဆိုတဲ့ ခလုတ်ကိုနှိပ်ပြီး သင်တန်းအကြောင်းလေ့လာနိုင်ပါတယ်။




ဒီစာအုပ်ကို နိဂုံးမချုပ်ခင်မှာ လက်ဆောင်တစ်ခုပေးခဲ့ချင်ပါတယ်။ သင်ဟာအခုချိန်ထိ ဒီစာအုပ်ကို ဖတ်နေတယ်ဆိုကတည်းက Forex Trading Business ကို တကယ်စိတ်ဝင်စားတယ်၊ နောက်ထပ် ဝင်ငွေလမ်းကြောင်းတစ်ခုကို ရှာချင်တယ်၊ ဝန်ထမ်းဘဝနဲ့ တစ်သက်လုံးမနေချင်ဘူး၊ ငွေကြေးလွတ်လပ်မှု (Financial Freedom)၊ အချိန်လွတ်လပ်မှု (Time Freedom) စတဲ့ လွတ်လပ်မှုကို လိုချင်တယ်.... ဒီအချက်တွေထဲက အနည်းဆုံးတစ်ခုတော့ စိတ်ဆန္ဒပြင်းပြလို့သာ စာအုပ်အဆုံးထိ သင်ခရီးရောက်ခဲ့တာပါ။

ကျွန်တော်ပေးချင်တဲ့ လက်ဆောင်အကြောင်းပြောရအောင်၊ ဒီ Website <[www.rockstartrader.org](http://www.rockstartrader.org)> မှာ အခု Rockstar Premium Master Class ကို 490,000/-MMK နဲ့ ကမ်းလှမ်းထားပါတယ်။ ဒီသင်တန်းကို စိတ်ဝင်စားတယ်၊ တက်ရောက်မယ်လို့ ဆုံးဖြတ်ချက်ချပြီးလို့ ဝယ်ယူတော့မယ်ဆိုရင် Messenger မှာ CODE- “ ROCKSTAR” လို့ ရိုက်ထည့်ပေးပါ။

Rockstar Premium Master Class ကြီးတစ်ခုလုံးကို 390,000 MMK နဲ့ရရှိမှာ ဖြစ်ပါတယ်။ စာအုပ် Download လုပ်ပြီးဝယ်ယူသူတွေထဲက ပထမဆုံးအယောက် ၁၀၀ ကိုပဲ 390,000 MMK နဲ့ပေးမှာ ဖြစ်ပါတယ်။ ဝယ်ယူတော့မယ်ဆိုရင် Messengerမှာ “ROCKSTAR” ဆိုပြီး ရိုက်ပေးပါ။ ပထမဆုံးအယောက် ၁၀၀ ထဲပါသေးရင် ရနိုင်သေးကြောင်းကို ကျွန်တော့် Admin team က အကြောင်းပြန်ပေးပါလိမ့်မယ်။

Rockstar Premium MasterClass

Module 1 – Forex ကို အခုမှစပြီး လေ့လာသူတွေအတွက် အခြေခံ Lessons
Module 2 – ဒီ Course ကိုလေ့လာရန်နှင့် ဒီစီးပွါးရေးစတင်တော့မယ်ဆိုရင် ပြင်ဆင်ထားဖို့လိုအပ်တဲ့အရာတွေ
Module 3 – MT4 Software အသုံးပြုနည်း
Module 4 – Candlesticks တွေကို တိတိကျကျ အသုံးချနည်း
Module 5 – ကျွန်တော် အသုံးပြုတဲ့ ဈေးအတက်အကျကို ထိရောက်မှုရှိရှိ တွက်ချက်နိုင်တဲ့ Divergence နည်းဗျူဟာ
Module 6 – အရှုံးနည်းပြီးအမြတ်များအောင်ပြုလုပ်နည်း
Module 7 – Forex Trading အောင်မြင်ရန် စိတ်ခံစားမှုနှင့် စိတ်နေစိတ်ထားကို စနစ်တကျတည်ဆောက်ခြင်း
Module 8 – Forex Broker ရွေးနည်း
Module 9 – Trading Journal တည်ဆောက်နည်း

ဒီနေရာမှာ ကျွန်တော့်အကြောင်းလေး တစ်ခုလောက်ပြောချင်ပါတယ်။ ဘဝတစ်လျှောက်လုံး ကျွန်တော်ဟာ အရမ်းကြီးထူးချွန်ထက်မြက်ခဲ့တဲ့ အတော်ဆုံးလူတစ်ယောက်တော့ မဟုတ်ခဲ့ပါဘူး။ တစ်ကယ်တော့ တက္ကသိုလ်ပြီးဖို့တောင် တော်တော်ရုံးကန်ခဲ့ရသူပါ။ Forex Trading လုပ်ငန်းကို ကျွန်တော် ကြိုက်နှစ်သက်တဲ့အချက်က အဲ့ဒါလည်း ပါပါတယ်။ မွေးကတည်းကနေ ဒီနေ့အထိ Genius တစ်ယောက် မဟုတ်ခဲ့တဲ့သူတောင် ဒီလုပ်ငန်းမှာ ပုံမှန်အမြတ်ငွေရှာပြီး အောင်မြင်နိုင်ခဲ့ပါတယ်။ အဲ့ဒီအတွက်ကြောင့်လည်း ဒီစာအုပ်ကိုရေးပြီး ဒီ Onlineသင်တန်းကို တည်ဆောက်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် Forex Tradingကို စိတ်ဝင်စားတဲ့ ဘယ်သူမဆို ဒီလုပ်ငန်းမှာ အောင်မြင်နိုင်တယ်လို့ ကျွန်တော်ယုံကြည်လို့ပါပဲ။

နိဂုံးချုပ်အနေနဲ့ အသိပညာလေးတစ်ခု လက်ဆောင်လေး ပေးခဲ့ချင်ပါသေးတယ်။ လူတွေ အလုပ်လုပ်ကြတယ်၊ လကုန်ပိုက်ဆံရကြတယ်၊ အခြေခံအသုံးစရိတ်ဖြစ်တဲ့ စားဝတ်နေရေးအတွက်သုံးတယ်၊ ပိုတဲ့ပိုက်ဆံငွေအနည်းငယ် ရှိမယ်။ အဲ့ဒါကို Disposable Income လို့ခေါ်တယ်။ ရေခဲမုန့်ဝယ်စားမယ်၊ ရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်မယ်၊ အပန်းဖြေခရီးလေး သွားရင်သွားမယ်ပေ့ါ တစ်ခါသုံးပါပဲ။ ပြီးတာနဲ့ တစ်လကုန်တော့ နောက်တစ်ခါ လခ ရလာပြန်ရော အရင်လကလိုပဲ တစ်ခါသုံးစာလေး နည်းနည်းကျန်ရင် ကျန်မှာပေ့ါ။

တစ်ခါသုံးပိုက်ဆံလေးတွေဟာ (ကိုယ်အလုပ်မပြုတ်သရွေ့) လစဉ်လစဉ်ကုန်သွားတိုင်း ပြန်ရပေမယ့် ကျွန်တော်တို့ဘဝမှာ ပြန်မရနိုင်တာ ကျွန်တော့်တို့ရဲ့ “အချိန်” တွေ ပဲဖြစ်ပါတယ်။ ဒ့ါကြောင့် ကိုယ်တိုင် လေ့လာမယ်ဆိုရင် ၃/၄ လလောက် လေ့လာရမယ့် ပညာရပ်ကို အခု ဒီစာအုပ်ဖတ်လိုက်တာ ၂ နာရီလောက်အတွင်း ၃/၄ လ အချိန်တွေကို စာဖတ်သူအတွက် ကျွန်တော် save လုပ်ပေးခဲ့တယ်။ ထိုနည်းလည်းကောင်းပဲ Rockstar Premium Master Class မှာလည်း ကျွန်တော်ကိုယ်တိုင် ၂ နှစ်လောက် လျှောက်လှမ်းခဲ့ရတဲ့ခရီးကို သာမန်အခုမှစပြီး Forex ကို လေ့လာမယ့်သူတစ်ယောက်အနေနဲ့ ၂/၃ လလောက်နဲ့ ပုံမှန်အမြတ်ငွေရရှိနိုင်အောင် ကျွန်တော့်ရဲ့အချိန်တွေ၊ အင်အားတွေကို အသုံးပြုပြီး online သင်တန်းတစ်ခုအနေနဲ့ မျှဝေပေးလိုက်ပါတယ်။ Master Class ထဲမှာပြန်လည် ဆုံစည်းနိုင်ဖို့ မျှော်လင့်ပါတယ်။

